# မင်္ဂလတ္ထပုစ္ဆာ ဝိသဇ္ဇနာကျမ်း

(အဋ္ဌဝံသ)

မဟာမင်္ဂလ-အတုလမြတ်စွာ၊

ဈာဗုဋ္ဌါသည်၊ သတ္တဝါဝေဘော-များဖိုလ်ချေတို့ကို၊

ကရုဏာရွှေ-မိန့်ခွန်းတော်ချွေအပ်သော

**မင်္ဂလသုတ်ဒေသနာကို**

အရပ်ရပ်သောအဋ္ဌကထာဋီကာတို့မှ၊

ဖွေရှာထုပ်နှုတ်၍၊ ရန်ကုန်မြို့၊ သိမ်ဖြူကျောင်း။

ဂဏဝါစက-အရှင်(နန္ဒဝံသ)သည်

ပြုလုပ်စီရင်အပ်သော

# မင်္ဂလတ္ထပုစ္ဆာဝိသဇ္ဇနာကျမ်း။

၁၉၂၁=ခုနှစ်၊


ဝံသာရက္ခပိဋကတ်စာပုံနှိပ်တိုက်။

နံပါတ် ၂၈၉၊ လမ်း ၄၀၊ ရန်ကုန်မြို့။



ဦးအဂ္ဂဝံသ။

# နိဒါန်း။

သိရိန္ဒာဘိ သိရိရတနာ၊မင်္ဂလာမျှိုကောင်း၊ပုန်တောင်းပြီးပြက်၊
ရိုးရိုးယှက်မျှ၊ ဂုဏ်ပေါင်းခသော၊တိရန္တနဂရ ဥက္ကာသာပ၊ နွံအ
ကျော်လိုင်း၊တင်သမိုင်းဖြင့်၊ အတိုင်းတိုင်းတို့ကြက်သရေ၊ရွှေဗျာ
ဒိဗ်ညွှန်း၊ မိန့်ခွန်းတော်ချွေခဲ့သော၊ ရွှေကောသလဓာတ်မြတ်ဖော်ကိန်း
ဝပ်ရာဌာနယုံ၊ ဒဂုန်မြို့အကွေ့၊ အရှေ့တောင်စွန်း၊ ခပ်ယွန်းယွန်း
နီးမဝေးတွင်၊ ကန်တော်ကလေးဒေသ၊ သိမ်ဖြူတိုက်အာရာမ၌၊
တတ်သွာ-လက်မှု။ ပန်းပု-ပန်းရန်၊ စက်ကြိုးကျော့ကျော့၊ တမော့
ဗိသုကာဘို့၊ ပညာဖြင့် ဗိမ်ဆောက်လုပ်အပ်သော တိုက်ကျောင်း
ကြီးအတွင်း၌၊ သီတင်းသုံးနေထိုင်တော်မူသော၊ သိမ်ဖြူတိုက်ဆ
ရာတော် ဘုရားကြီးထံမှာပင်၊ နိဿယာစရိယ၊ နယပဒေသ-န
ယဂ္ဂါဟာအဖြစ်၊သင်ရိုးကျမ်းဂန်များကို၊ရှစ်နှစ်တိုင်ဘိုင်သင်ကြား
ပြီးနောက်၊ မန္တလေးရတနာပုံ နေပြည်တော်သို့ ဆန့်တက်လျက်၊
ပိဋကတ္တယဆောက၊ ပိဋကတ္တယဓရ၊ ပိဋကတ္တယပါရဂူဖြစ်တော်
မူသော၊အတုမရှိတိုက်ဘော်၊သုဓမ္မာချုပ်ရွှေကျောင်းဆရာတော်
ဘုရားကြီးနှင့်၊ ၎င်းတိုက်အနုဝိဇ္ဇကဆရာတော်ဘုရားများထံတွင်
သုံးဝါမြောက် သင်ကြားနေထိုင်ပြီးလျှင်၊ရွှေရေးဆောင်ဆရာတော်
ဘုရားကြီးနှင့် ဆီးဘန်နီတိုက်သစ်အုပ်၌ ဆရာတော်ဘုရား ထံပါး
တွင်။ နိဿံ၊သံဝဏ္ဏနာ။အဋ္ဌကထာနှင့်၊ ဋီကာလက်သန်း-ဆန်းအ
လင်္ကာ၊သဒ္ဒါကစ္စည်းအနည်းနည်း တို့ကို၊နိဿရဏာတ္တအကျိုးမျှော်
ကိုးကပ်ဆည်းလေ့လာခဲ့ရှိသည်မှ၊ မိမိဆရာရင်းရှိရာသို့ ဒေသ
စာရီ-လှည့်သည်ကန်တော့မည်လာရောက်စဉ်၊ နေရှင်နယ်ဟူ မြန်
ပြည်သူများကျောင်းသားကျောင်းသို့အပေါင်းတို့မှာ၊ငါးဖြာသော
ကောသလာဟာလ၌၊ မောနေယျ-ခုနစ်နှစ်၊ဆဲ့နှစ်နှစ်မင်္ဂလာ။တချာမှာ
စကြာဝဠား၊ ဆိုဖရဲ့စကားဘုရားမှာတထောင်ပွက်၊ကမ္ဘာပျက်

# နိဒါန်း။

တသိန်းရှိ။ ဓိပတိ-ဒုလ္လဘာ၊ချကြုံရသော မနုဿအခါမှာ၊ မင်္ဂလာ
ဒေသနာနှင့်၊ သေအချာတိုက်ဆိုက်။လွန်မင်းစွာသိဆိုက်သဖြင့်၊
(ပါဠိဋ္ဌတချက်) (အနက်ဋ္ဌကာသွယ်) (အဓိပ္ပါယ်တထွေ) (အမေးအ
ဖြေတမျိုး) သင်ရိုးအင်္ဂုင်းကျ ရောက်အောင် (သံပေါက်ကတဖုံ)
ငါးမျိုးရုံဘော်ပြုလျက်။ ပရဟိတ ဿလာကအများ။သူတပါးတို့-စီး
ပွါးအကြောင်း၊ အကျင့်ကောင်းခမ္ဘစရိယတို့ကို၊ ကျင့်ထဲတုံဘိ၊
ဂုဏ်သတ္တိကြောင့်၊ ဓိပတိဥက္ကဋ္ဌ၊နဲ့ဝရတ်ဦးစိုက်၊ မကိုဋ်စိန်ညွန့်၊
ထိန်ကွန့်ဝင်းဖြာ၊ ထွန်းလင်းပါသော၊ မင်္ဂလာအစဉ် (သုံးဆဲ့ရှစ်)
တရားများကို၊ အားပါးတရ၊ ကျက်မှတ် ရအောင်-လက်ထောက်
စာချ၊ဂန္ထဝါစကအရှင် အဂ္ဂဝံသ-ရဟန်းတော်က၊မိမိသင်ကြား
ကြည့်ရှုဘူးသော ကျမ်းဂန်အပေါင်းတို့မှ ဆိုင်ရာဆိုင်ရာရွေးယူ
ထုတ်နုတ်လျက်၊သမ္ဗုဒ္ဓမြတ်စွာ၊စိန္တေယျာသည်၊ပထဗျာဓါးအုပ်၊
မြေလုံးမြှုပ်သို့၊ ကွယ်ငုတ်အံ့ဌါ၊ ဒေသနာကို၊ သာယာ ချိုပျား၊
မိုဃ်းသိကြားအား၊ ငှက်ကားကရဝိက်၊ ဟာရိက်ဖြဟ္မာ၊ကျူးသံ
ဝါသို့၊ ကောင်းစွာဟောကြား၊ထားတော်မူဘိ။မည်ရှိမင်္ဂလာ၊မြတ်
ရတနာကို။သေချာရှင်းလင်း၊ ထင်းထင်းထင်ရှား၊ပတ္တမြားနှစ်သို့၊
မှတ်သားဘွယ်အစစ်ဖြစ်သော (မင်္ဂလတ္ထပုဏ္ဏာဝိသဇ္ဇနာကျမ်း)ကို
ရေးထုတ်စီရင်လိုက်ကြောင်း သူတော်ကောင်းအပေါင်းတို့၊ ၊
ကောင်းစွာဘာတ်ရှုကျက်မှတ်ကြပါစေသတည်း၊

# မင်္ဂလသုတ္တပုစ္ဆာဝိသဇ္ဇနာကျမ်း။

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ။

၎င်းသင်္ခေပအနက်။

အရဟတော၊ အထူးပူဇော်၊ လေးပေါ်ပစ္စည်း၊ ခံကြို့ခံထိုက်၊ ကောင်ရော်ခြင်း၌၊ ထိုက်တော်မူထသော၊ သမ္မာသမ္ဗုဒ္ဓဿ၊ မဘောက်မပြန်၊ သယမ္ဘူဉာဏ်ဖြင့်၊ လေးဆင့်သစ္စာ။ ဓမ္မာဥဿုံ၊ အလုံးစုံကို၊ အကုန်ရှင်းစွာ။ ကိုယ်တော်တိုင်သာ၊ ကြွင်းရာမရှိ၊ သိမြင်တော်မူထသော၊ တဿဘဂဝတော၊ ဣဿရိယစသည်အပြား၊ ခြောက်ပါးဘုန်းရှင်၊ ထိုဘုရားသခင်အား။ နမော၊ ယုံကြည်ကြိမ်ကြိမ်၊ သဒ္ဒါရှိန်ဖြင့်၊ ဒွါရိန့်ကြိ၊ ညွတ်ခါဘိ၍၊ ရှိခိုးပါ၏။ ။

ဤနမောတဿဟူသော ဥဒါန်းဂါထာကား၊ ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော်။ ကိုးဆဲ့တကမ္ဘာထက်၊ ပုဿမြတ်စွာဘုရားလက်ထက်၊ ဘုရားခမည်းတော်မဟိန္ဒမင်းကြီး၊ သုံးကြိမ်တိုင်တိုင်ဥဒါန်းကျူး၍ရှိခိုးကြောင်းကိုဓမ္မပဒအဋ္ဌကထာ၌လာသည်။ ။

သုတ်မဟာဝါသက္ကပဉှာသုတ်၌လည်း၊ သိကြားမင်းသုံးကြိမ်တိုင်တိုင်ဥဒါန်းကျူး၍ရှိခိုးကြောင်း။ ။

မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ်၌လည်း၊ ဗြဟ္မာယုပုဏ္ဏားသုံးကြိမ်တိုင်တိုင်ဥဒါန်းကျူး၍ရှိခိုးကြောင်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း၊ အာရာမဒဏ္ဍပုဏ္ဏား၊ သုံးကြိမ် တိုင်တိုင်ဥဒါန်းကျူး၍ရှိခိုးကြောင်း။ ။

ထိုမှတပါးသဒ္ဒဗျူဟာကျမ်း၌လည်း၊ သာတာဂိရိနတ်သည်၊ နမောဟူ၍၎င်း၊ အသူ့ရိန်နတ်သည်၊ တဿဟူ၍၎င်း၊ မဟာရာဇ် နတ်သည်၊ဘဂဝတောဟူ၍၎င်း၊သိကြားမင်းသည်၊အရဟတော ဟူ၍၎င်း။ဗြဟ္မာမင်းသည်၊သမ္မာသမ္ဗုဒ္ဓဿဟူ၍၎င်း၊ဤနတ်ကြီး ငါးဦးတို့ရှိခိုးကြောင်းများအသီးအသီးလာသည်။ ။

## မင်္ဂလာမည်ခြင်းအကြောင်း။

မင်္ဂန္တိ ဝုဍ္ဎိံ ဂစ္ဆန္တိ သတ္တာဧတေနာတိ မင်္ဂလံ။ ။ဓာတွတ္ထ သင်္ဂြိုဟ်။ ။

ဧတေန၊ဤ(၃၈)ပါးသောတရားဖြင့်၊ သတ္တာ၊သတ္တဝါတို့သည်၊ ဝုဍ္ဎိံ၊ကြီးပွါးခြင်းသို့။ မင်္ဂန္တိဂစ္ဆန္တိ၊ရောက်တတ်ကုန်၏။ ဣတိတ သ္မာ၊ထိုသို့ကြီးပွါးခြင်းသို့ ရောက်ကြောင်းဖြစ်သောသတ္တိကြောင့်။ သော၊ထိုသုံးဆဲ့ရှစ်ဖြာ။ မင်္ဂလာတရားတော်သည်၊မင်္ဂလံ၊မင်္ဂလာ မည်၏။ ။

မင်-ဂတျတ္ထေ၊ မင်္ဂန္တိပြည့်မင်္ဂလံ၊အလော။ ။အဘိဓာန်ဋီကာ။ ။

မင်၊မင်ဓာတ်သည်၊ ဂတျတ္ထေ၊သွားခြင်း လားခြင်းအနက်၌၊ ဘဝတိ၊ဖြစ်၏။ ။မင်္ဂန္တိ၊မင်္ဂဟူသည်ကား၊ ပြည့်၊ဘုန်းပညာ တည်း။ဝါ၊စပါးတည်း။ မင်္ဂလံ၊ဘုန်းပညာရှိသည်။ဝါ၊စပါးရှိသည်။ အလော၊မင်္ဂသဒ္ဒါနောင်အလပစ္စည်းသက်။ ။

မံအပါယံဂမေတိပါပေတီတိမင်္ဂံ၊ ။မံအပါယံ၊အပါယ်သို့၊ ဂမေတိပါပေတိ၊ ရောက်စေတတ်၏။ ဣတိ၊ထိုကြောင့်။ မင်္ဂံ၊မင်္ဂ မည်၏။ ။အကုသိုလ်တရားရစေ။ ။

မင်္ဂံပါပံလုနာတိဆိန္ဒတီတိမင်္ဂလံ၊ ။မင်္ဂံပါပံ၊အကုသိုလ်ဓမ္မ ကို၊ လုနာတိဆိန္ဒတိ၊ဖြတ်တတ်၏။ ဣတိတသ္မာ၊ထိုသို့အကုသိုလ်

ဝမ္မကို၊ဖြတ်တတ်သောသတ္တိကြောင့်၊ မင်္ဂလံ၊မင်္ဂလာမည်၏၊ ။ သုံးဆဲ့ရှစ်ပြါမင်္ဂလာတရားကိုရစေ၊ ။

ဘုရားဘိုးတော်မဟာသုပ္ပဗုဒ္ဓ-အဥ္စန၊ နှစ်မည်ရှိသောမင်းကြီးနှင့်ဒေဝိလရသေ့ဘို့တိုင်ပင်၍၊မဟာသင်္ကြန်ချ-ဇ်ပေါင်း (၈၆၄၇) ရကိုအစွန်း၂-ခုထား၍ဖြို့ပြီးသျှင်၊ထိုအစွန်း-၂-ခု၊ သက္ကရာဇ်အသစ်ထားသည်နောက်၊ ထိုကမှပွါး၍၊ သက္ကရာဇ်-၆၈-ခု တွင်၊ ဘုရားအလောင်းတော်သိဒ္ဓတ်မင်းသားကိုဖွားတော်မူသည်၊ ထို့နောက် သက္ကရာဇ်-၉၇-ခုတွင် တောထွက်တော်မူ၍ သက္ကရာဇ် ၁၀၃-ခုတွင်မဟာဗောဓိပင်ရင်းအပ္ပရာဇိတပလ္လင်ထက်၌ သဗ္ဗညုတဘုရားအဖြစ်ကိုရတော်မူသည်၊ ထို့နောက် မြတ်စွာဘုရားသခင်ဝါတော်-၄၅-ဝါ၊သက်တော်-၈၀-အပြည့်၊သက္ကရာဇ်-၁၄၈ ခုတွင်ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်-၄-လအကြာ၊ဝါခေါင်လပြည့်ကျော်-၅-ရက်နေ့၊ရာဇဂြိုဟ်ပြည်ဝေဘာရတောင်ယံဝယ်၊ စရည်းပင်ရော်ကျာလိုဏ်၌၊ အဇာတသတ်မင်းကိုအမှီပြု၍၊ ရှုတင်္ဂရေတဒဂ်ရအရှင်မဟာကဿပအား၊ အမှူးထားလျက်၊ အရှင်ဥပါလိ၊အရှင်အာနန္ဒာ၊အရှင်အနုရုဒ္ဓါစသောရဟန္တာငါးရာတို့ ပထမသင်္ဂါယနာတင်ကြရာ၊တရားဘဏ္ဍာဝိုးဖြစ်သော့အရှင်အာနန္ဒာကဥဒ္ဒါန်းကျူး၍ လျှောက်ဆိုတော်မူဟန်ကား၊ ။

ဧဝံမေသုတံ၊ဧကံသမယံဘဂဝါသာဝတ္ထိယံ ဝိဟရတိဇေတဝနေအနာထပိဏ္ဍိကဿအာရာမေ၊အထခေါအညတရာဒေဝတာအဘိက္ကန္တာယရတ္တိယာအဘိက္ကန္တဝဏ္ဏာကေဝလကပ္ပံဇေတဝနံဩဘာသေတွာ၊ယေနဘဂဝါ၊တေနုပသင်္ကမိ၊ဥပသင်္ကမိတွာ ဘဂဝန္တံအဘိဝါဒေတွာဧကမန္တံအဋ္ဌာသိ၊ ဧကမန္တံဌိတာခေါ သာဒေဝတာဘဂဝန္တံဂါထာယအဇ္ဈဘာသိ၊ ။ဤကားရုဏ္ဏာယပါဠိတော်တည်း၊

## အနက်ကား၊

ဘန္တေကဿပ၊အရှင်မဟာကဿပ၊ ဣဒံသုတ္တံ၊ ဤမဟာမင်္ဂလသုတ်တော်ကို၊ မေမယာအနန္ဒာထေရေန၊ အကျွန်ုပ် အာနန္ဒာမ

ထေရ်သည်၊ဘဂဝတော၊ မြတ်စွာဘုရား၏၊ သမ္မုခါ။ မျက်မှောက်
တော်မှ၊ဧဝံ၊ဤသို့၊သုတံ၊ကြားလိုက်ရ၏၊ဥပလက္ခိတံ၊မှတ်လိုက်ရ
၏၊ဥပဓာရိတံ၊ဆောင်လိုက်ရ၏၊ ၊ဧကံ၊တပါးသော၊ သမယံ၊အ
ခါ၌၊ဘဂဝါ၊မြတ်စွာဘုရားသည်၊သာဝတ္ထိယံ၊သာဝတ္ထိပြည်၌၊ အ
နာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏၊ အာရာမေ၊ နှလုံးမွေ့
လျော်၊ပျော်ဘွယ်ရာဖြစ်သော၊ဇေတဝနေ၊ဇေတဝန်ကျောင်းတော်
၌၊ဝိဟရတိ၊နေတော်မူ၏၊အထခေါ၊ထိုသို့နေတော်မူသောအခါ၌၊
အညတရာ၊အမျိုးအမည်အားဖြင့်မထင်ရှားသော၊ ဒေဝတာ၊နတ်
သားသည်၊အဘိက္ကန္တာယ၊ ညဉ့်ဦးယာမ်လွန်ပြီးသော၊ ရတ္တိယာ၊
သန်းခေါင်အခါ၌၊အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဘွယ်သော အ
ဆင်းရှိသည်ဖြစ်၍၊ကေဝလကပ္ပံ၊အလုံးစုံသော၊ ဇေတဝနံ၊ ဇေတ
ဝန်ကျောင်းတော်ကို၊ ဩဘာသေတွာ၊ ကိုယ်ရောင်ကိုယ်ဝါ ဖြင့်
ထွန်းလင်းတောက်ပစေဦး၍၊ ၊ယေန၊အကြင်အရပ်၌၊ ဘဂဝါ၊
မြတ်စွာဘုရားသည်၊အတ္ထိ၊ရှိတော်မူ၏၊တေန၊ ထိုဘုရားရှိတော်မူ
ရာအရပ်သို့၊ ဥပသင်္ကမိ၊ ကပ်လေ၏၊ တနည်း၊ ယေန၊အကြင်
ကြောင့်၊ဘဂဝါ၊မြတ်စွာဘုရားသို့၊ဥပသင်္ကမိတဗ္ဗော၊ကပ်အပ်၏၊
တေန၊ ထိုကြောင့်၊ ဥပသင်္ကမိ၊ ကပ်လေ၏၊ဥပသင်္ကမိတွာ၊ကပ်
လေပြီး၍၊ဘဂဝန္တံ၊မြတ်စွာဘုရားကို၊ အဘိဝါဒေတွာ၊ အလွန်ရို
သေစွာရှိခိုးဦး၍၊ဧကမန္တံ၊တင့်အင်လျောက်ပတ်သောအရပ်၌၊ အ
ဋ္ဌာသိ၊ရပ်လေ၏၊ဧကမန္တံ၊တင့်အပ်လျောက်ပတ်သောအရပ်၌၊ဌိ
တာခေါ၊ရပ်ပြီးသော်၊သာဒေဝတာ၊ထိုနတ်သားသည်၊ဘဂဝန္တံ၊
မြတ်စွာဘုရားကို၊ဂါထာယ၊ဇဟူဒေဝါစသော ဂါထာဖြင့်၊ အဇ္ဈ
ဘာသိ၊ဤသို့နားတော်လျှောက်ပေ၏၊ ၊

## ပုစ္ဆာဝိသဇ္ဇနာခန်း။

အမေး။ ။သာဝတ္ထိပြည်ခေါ်ခြင်းသည်အဘယ်ကိုအကြောင်း ပြု၍ခေါ်သနည်း။

အဖြေ။ ။သာဝတ္ထမည်သော ရသေ့၏နေရာရှာနကို စွဲ၍ သာဝတ္ထိခေါ်ပါသည်။ ။တနည်းသည်း။အသုံးပသော လောကီရတနာဆယ်ပါးတို့၏ဘည်ရှိရာ နေရာကို စွဲ၍သာဝတ္ထိပြည်ဟုခေါ်ပါသည်။

အမေး။ ။ဝိဟာရတိနေ၍ဆိုသော်၊အဘယ်သို့နေသနည်း။

အဖြေ။ ။ဝိဟာရတိသဒ္ဒါသည် လျောင်း၊ထိုင်၊ရပ်၊သွား၊ လေးပါးသော ဣရိယာပုထ်တို့တွင်တပါးပါးဖြင့်နေခြင်းကို ဆိုလိုပါသည်။

ဝိဟာရတိသဒ္ဒေါဟိဣရိယာပထဝိစကော၊စတုဣရိယာပဆနယာပေတီတိအတ္ထော။ ။ဟူသောဋီကာစကားကိုထောက်။ ။

အမေး။ ။ဇေတဝန်ကျောင်းဟုအဘယ်ကြောင့်ခေါ်သနည်း။ ။

အဖြေ။ ။ဇေတမင်းသား၏ ဉယျာဉ်တော်ကိုထွင်၍ ဤနေရာ၌ ကျောင်းတော်ဆောက်သည်ဖြစ်သောကြောင့် ဇေတဝန်ကျောင်းဟုခေါ်ပါသည်။ ။

အတ္တနောပစ္စတ္ထိကဇနံဇိတဝတ္တာဇေတော၊ ။ဟူသောဋီကာကို ထောက်။ ။ဇေတဿကုမာရဿဝနံဇေတဝနံ။ ။ဟုတွဲလေ။ ။

အမေး။ ။အနာထပိဏ်ဟု၊အဘယ်ကြောင့်ခေါ်သနည်း။

အဖြေ။ ။ကိုးကွယ်ရာမဲ့သော သူတို့အား၊ ထမင်း ပေးတတ်သောကြောင့် အနာထပိဏ်ခေါ်ပါသည်။ ။

အနာထာနံ ပိဏ္ဍဒါယကတ္တာ အနာထပိဏ္ဍိကော။ ။ဟုဆိုသည်ကိုထောက်။ ။

အမေး။ ။ဒေဝတာဟူသောပုဒ်သည်နတ်သမီးနတ်သား(၂)ပါးနှင့် ဆက်ဆံပါလျက်၊ အဘယ်ကြောင့် နတ်သားဟု ဆိုသနည်း။ ။

အဖြေ။ ။ဤဒေဝတာ ဟူသော ပုဒ်သည် နတ်သို့း နတ်သား ၂-ပါးနှင့် ဆက်ဆံသော်လည်း၊ ဤအရာ၌ နတ်သား ကိုသာ ယူရမည်ဖြစ်ပါသည်။ ။

ဒေဝေါတိ ဒေဝတာ။ ဣတ္ထိပုရိသ သာဓာရဏာမေတံ။ ဣဓပန ပုရိသောယေဝ ဒေဝပုတ္တော။ ။ဟူလာသောသုတ္တနိပါတ် အဋ္ဌကထာကိုထောက်။ ။

အမေး။ ။ကေဝလကပ္ပံ၊ တင့်အပ် လျောက်ပတ်သော အရပ်ဟူ သည်။အဘယ်အရပ်ကိုယူရပါမည်နည်း။ ။

အဖြေ။ ။တင့်အပ်လျောက်ပတ်သော အရပ်ဟူသည် အပြစ် ၆-ပါးကင်းသောအရပ်ကိုယူရပါမည်။အပြစ်၆-ပါး ကင်းသောအရပ်ကား၊ (၁)ရှေ့တူရူအရပ်၊ (၂)နောက် တူရူအရပ်၊ (၃) မြင့်သော အရပ်၊ (၄) လေညာ အ ရပ်၊ (၅) အလွန်ဝေးသောအရပ်၊ (၆) အလွန်နီးသော အရပ်၊ ဤအရပ်များမှ လွတ်သော အရပ်ကို အပြစ် ၆-ပါးကင်းသောအရပ်ဆိုပါသည်၊ ။

အမေး။ ။ဂါထာဆိုသည်အဘယ်ကိုဆိုပါသနည်း။ ။

အဖြေ။ ။ဂါထာဆိုသည်အက္ခရာပုဒ်တို့ဖြင့် ဖွတ်၍ဆိုခြင်းကို ဂါထာခေါ်ဆိုပါသည်။ ။

ဂါထာယာတိ အက္ခရပဒ နိယမိတကထိတေန၊ ဆို သည်ကို ထောက်။ ။သုတ္တ နိပါတ် အဋ္ဌကထာ။ ။ဂံ ဝုတ္တတိ ဥာဏံ၊တံတိဋ္ဌတိဗွောတိဂါထာ။ ။ ၁၁သို့ကြံ။ ။

နက်သားလျှောက်သောအာယာစနဂါထာကိုဆိုပေအံ့။

ဗဟူဒေဝါ မနုဿာစ၊
မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာသောတ္ထာနံ၊
ဗြူဟိမင်္ဂလမုတ္တမံ၊ ။

အာသာသနဂါထာအနက်။

ဘဂဝန္တ ဘဂဝါ၊ဘုန်းတော်ကြီးသောအရှင်ဘုရား၊ဗဟူ၊များစွာ ကုန်သော၊ဒေဝါစ၊နတ်တို့သည်၎င်း။ မနုဿာစ၊ လူတို့သည်၎င်း၊ ဝံ သောတ္ထာနံ၊ စင်ကြယ်ပွားသော၊ နိဗ္ဗာန်၊နိဗ္ဗာန်ချမ်းသာကို၊ အာကင်္ခ မာနာ၊ လိုချင်တောင့်တကုန်သည်ဖြစ်၍၊ မင်္ဂလာနိ၊ပွားချမ်းသာ ခြင်း၏ အကြောင်း ဖြစ်သော မင်္ဂလာတရားတော်တို့ကို၊ ဒွါဒသ ဝဿာနိ၊ တဆဲ့ရှစ်နှစ်တို့ ပတ်လုံး၊ အစိန္တယုံ၊ ကြံကြကုန်၏၊ စိန္တ ယန္တာပိ၊ ကြံကြကုန်သော်လည်း၊ နာဇ္ဈဂန္တုံ-နအဇ္ဈဂန္တုံ၊ မသိ နိုင်ကုန်၊ ဥတ္တမံ၊ မြတ်စွာသော၊ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို၊ တွံ၊ အရှင်ဘုရားသည်၊ ဗြူဟိ၊ ဟောတော်မူပါလော့၊

ဥဒါန်းနှင့်တကွ အာယာစနဂါထာ ပြီး၏။ ။

ပါဠိတော်၊

အသေဝနာစဗာလာနံ။
ပဏ္ဍိတာနဉ္စသေဝနာ၊
ပူဇာစပူဇနေယျာနံ၊
ဧတံမင်္ဂလမုတ္တမံ။ ။

(ပထျာဝတ္တဂါထာ)

ပါဠိတော်အနက်၊

ဘော ဒေဝပုတ္တ၊ အိုနတ်သား၊ ဗာလာနံ၊ သူမိုက်တို့ကို၊ ယာအသေဝနာစ၊ အကြင်မမှီဝဲမဆည်းကပ်ခြင်းသည်၎င်း။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့ကို၊ ယာသေဝနာစ၊ အကြင်မှီဝဲဆည်းကပ်ရ ခြင်းသည်၎င်း၊ ပူဇနေယျာနံ ပူဇော်ထိုက်သောသူတို့ကို၊ ယာပူဇာ စ၊ အကြင်ပူဇော်ရခြင်းသည်၎င်း၊ အတ္ထိ၊ ရှိ၏၊ ဧတံ၊ ဤ-၃-ပါးသော တရားသည်လျှင်၊ ဥတ္တမံ၊ မြတ်စွာသော၊ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍၊ တွံ၊ သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော့။ ။

## ပုဏ္ဏောဝါဒသုတ္တနောခဏ်း။

အမေး။ ။အသေဝနာစဗာလာနံဟူသည်၊ အဘယ်သူမိုက်ကို မမှီဝဲမဆည်းကပ်ရဟုယူရပါမည်နည်း။ ။

အဖြေ။ ။အတ္တဟိတံ ပရဟိတ သင်္ဂါတေဒွေအနတ္ထေဗာလန္တိ ဂဏှန္တိတိဗာလာ။ ။

အတ္တဟိတ ပရဟိတ သင်္ဂါဟော၊ ကိုယ်၏အကျိုး သူတပါး၏ အကျိုးဟုဆိုအပ်ကုန်သော။ဒွေ၊ နှစ်ပါးတို့ကို၊ အနတ္ထေ၊ အကျိုးမရှိအောင်၊ ဗာလန္တိ ဂဏှန္တိ၊ ယူဘဘ်ကုန်၏၊ ဣတိ၊ ထို့ကြောင့်။ ဗာလာ၊ဗာလမည်ကုန်၏။ဝါ။မိုက်ကြီးစတု။အင်လေးခုထက်၊အထုကြီးမား၊ မိုက်သူချားမို့။ ရှောင်ရှား ကြပ်ကြပ်။မဆည်းကပ်ရဟုဆိုသည်ကိုမှတ်ယူရပါမည်။ ။

တနည်း။ ။အဿာသိတပဿာသိတမတ္တေန ဗလတိဇီဝတိန ပညာဇီဝိတေနာတိဗာလော။ ။အဿာသိတပဿာသိတ မတ္တေန။ ထွက်သက်ဝင်သက်မျှဖြင့်၊ ဗလတိဇီဝတိ၊ အသက်ရှင်၍ နေတတ်၏။ပညာဇီဝိတေန၊ပညာဟူသောအသက်ရှင်ခြင်းဖြင့်။နဇီဝတိ၊အသက်မရှင်တတ်၊ဣတိ၊ထို့ကြောင့်၊ဗာလော။ဗာလမည်၏။ ဝါ။သူမိုက်မည်၏။ ။ဓာတွတ္ထသဗ္ဗိုဟ်ကိုထောက်၊ ။

အသေဝနဗာလနမင်္ဂလာသံပေါက်၊

(၁) သူမိုက်ကိုရှောင်၊လူတို့ဘောင်၊အခေါင်ထိသင့်ကြောင်း။

(၂) ဇမ္ဗူဒိပါ။သောင်းမြေခြား။ပျောင်းရာမရှိတောင်း။

(၃) ပေါင်းခွင့်မရ။ဤဘဝ။ဗာလဝေးရာရှောင်း။

(က) အသိ အလိမ္မာ – ပညာ မရှိသော သူမိုက်ကို မမှီဝဲ မပေါင်းဘော်မဆည်းကပ်ရဆိုပါသည်၊

အမေး။ ။ပဏ္ဍိတာနံ။ပညာရှိသောသူတို့ကိုဆိုခြင်းသည်။ အဘယ်သို့သောသူကိုဆိုပါသနည်း။ ။

အဖြေ။ ။မျက်မှောက်၌ဖြစ်သော အကျိုးအပြစ်၊ တမလွန်၌ဖြစ်သောအကျိုးအပြစ်တို့ကို သိတတ်သော သူကို ပညာရှိသောသူဆိုပါသည်၊ ။

ဒိဋ္ဌေဝဓမ္မေစယောအတ္ထော၊
ယောစတ္ထောသမ္ပရာယိကော၊
အတ္ထာဘိသမယာဓီရော၊
ပဏ္ဍိတောတိပဝုစ္စတိ၊ ၊

ဟူသောပါဠိတော်နှင့်အညီ ဤလောက်ပါ၊

တနည်းကား၊ ၊သန္ဒိဋ္ဌိကသမ္ပရာယိကေအတ္ထေ ဉာဏေန ပဏ္ဍိတာ ပဏ္ဍိတာ ဟုဆိုသောဋီကာကိုလည်းရှု၊ ၊

တနည်း၊ ၊ပဏ္ဍာ တိဉာဏဿေတံ နာမံ ပဏ္ဍိတော၊ ပညာလဉ္ဇာတိ ဟူ၍ ငြင်းယူ၊ ၊

တနည်း၊ ၊ဂန္တီတိ ဂတိ ပဏ္ဍာတိ ဂတ္တိတိ ပဏ္ဍာ၊ ၊တာယ ဂတောတိ ပဏ္ဍိတော၊ စာတွင်တွင်သဘောဖြစ်ပြိဟ်အဘွင့်ကိုလည်းရှု၊

ပဏ္ဍိတာသေဝနမင်္ဂလာသံပေါက်၊

(၁) မျက်မှောက်တမလွန်၊ ကျိုးပြစ်ဒွန်၊ အလွန်သိစေရာ၊
(၂) ပညာရှိအား၊ ပေါင်းဘက်ငြား၊ တပါးမင်္ဂလာ၊
(၃) ဆန်းလပမာ၊ သာထက်သာ၊ လွန်စွာကျိုးများရှာ၊
(ခ) အသိအလိမ္မာများသောသူကိုပညာရှိဟုဆိုပါသည်၊

အမေး၊ ၊ပူဇော်ထိုက်သော သူတို့ကို ပူဇော်ရမည် ဆိုသည်
အဘယ်သို့သောသူကိုပူဇော်ရပါမည်နည်း၊

အဖြေ၊ ၊ဘုရား-ပစ္စေကဗုဒ္ဓါ-အရိယာသာဝကစသောပုဂ္ဂိုလ်
တို့ကိုပူဇော်ရမည်ဆိုပါသည်၊

ပူဇာစနေယျာနဉ္စ ဗုဒ္ဓါဒိနံ ပူဇာရဟာနံ၊ ဟု ဘွင့်သော ဋီကာကို ထောက်၊

---

မင်္ဂလာချုပ်၊

(၁) သူမိုက်တို့ကိုမမှီဝဲခြင်း၊ အသေဝနာစဗာလာနံ တပါး၊ ၊
(၂) ပညာရှိတို့ကိုမှီဝဲခြင်း၊ ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ တပါး၊
(၃) ပူဇော်ထိုက်သောသူတို့ကိုပူဇော်ခြင်း၊ ပူဇာစပူဇနေယျာနံမင်္ဂလာတပါး၊

ထို့ကြောင့်။ ။ဇဝံဏ္ဏမိဿာဂါထာယ ဗာလာနံ အသေဝနာ၊ ပဏ္ဍိတာနံ သေဝနာ၊ ပူဇနေယျာ နဉ္စ ပူဇာတိတိကာ မင်္ဂလာနိ ဝုတ္တာနိ။ ။

ဟူသောသုတ္တနိပါတ်အဋ္ဌကထာတို့ကိုထောက်။

ပူဇာစပူဇနေယျမင်္ဂလာသံပေါက်။

(၁) ရတနာသုံးပါး။အထွဋ်ထား၊ညွှတ်တွားပူဇော်ရာ။
(၂) ပူဇာရဟာ၊ပြုကုန်ကြ၊ပြည့်ဝမင်္ဂလာ။
(၃) ပူဇော်သောသူ။နတ်ပြည်မူ၊ကြည်ဖြူရောက်မည့်ကာ။
(ဂ) ပူဇော်ထိုက်။ပူဇော်အပ်သောသူတို့အား။
ပူဇော်ခြင်းကိုဆိုပါသည်။

ထို-၃-ပါးမှအလွန် မင်္ဂလာတရားတော်ကို မိန့်တော်မူပြန်လိုသောမြတ်စွာဘုရားသည်။

ပဋိရူပဒေသဝါသောစ။
ပုဗ္ဗေစကတပုညတာ။
အတ္တသမ္မာပဏိဓိစ။
ဧတံမင်္ဂလမုတ္တမံ။ ။

ဟူသောဒေသနာပါဠိတော်ကိုဟောတော်မူသတည်း။

ပါဠိတော်အနက်။

ဘောဒေဝပုတ္တ၊ အိုနတ်သား၊ ပဋိရူပဒေသဝါသောစ၊ တင့်အပ်လျောက်ပတ်သော အရပ်၌နေရခြင်းသည်၎င်း။ ပုဗ္ဗေ၊ ရှေးသောကိုယ်ဘဝ်၏အဖြစ်၌၊ ကတပုညတာစ၊ မိမိပြုခဲ့ဘူးသောကောင်းမှု ရှိသောသူ၏ အဖြစ်သည်၎င်း။ အတ္တသမ္မာပဏိဓိစ။ မိမိကိုယ်ကို ကောင်းစွာဆောက်တည်ရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ ၃ ပါးသောတရားသည်သာလျှင်၊ ဥတ္တမံ၊ မြတ်သော၊ မင်္ဂလံ၊ မင်္ဂလာ မည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော့။

## ပုစ္ဆာဝိသဇ္ဇနာခန်း၊

အမေး။ တင့်အပ် လျောက်ပတ်သော အရပ်၌ နေရခြင်းဟူသည်။ အဘယ်အရပ်ကိုဆိုပါ သနည်း၊ ၊

အဖြေ။ ၊အနုတ္တရိယ—၆ ပါးရသောအရပ်ကိုဆိုပါသည်၊ ၊
အနုတ္တရိယ ၆ ပါးကား၊

(၁) ၊ဒဿနာနုတ္တရိယ၊ မြတ်သောရတနာ ၃ ပါး ဖူးမြင်ရခြင်း။

(၂) ။သဝနာနုတ္တရိယ၊ မြတ်သောတရားစကားတော်ကိုကြားနာရခြင်း၊

(၃) ။လာဘာနုတ္တရိယ၊ မြတ်သော အရိယာသူတော်ကောင်းတို့၏ဥစ္စာပစ္စည်းကိုခံယူရခြင်း၊

(၄) ။သိက္ခာနုတ္တရိယ၊ မြတ်သောအကျင့်ကိုဖြည့်ကျင့်ရခြင်း၊

(၅) ၊ပါရိစရိယာနုတ္တရိယ၊ မြတ်သောအရှင်မြတ်တို့ကို လုပ်ကျွေးရခြင်း။

(၆) ။အနုဿတာနုတ္တရိယ မြတ်စွာဘုရား ကျေးဇူး ဂုဏ်တော်ကိုအောက်မေ့ရခြင်း။

ဤကားဆက္ကာအင်္ဂုတ္တိုရ်အလိုတည်း၊

ပဋိရူပဒေသဝါသမင်္ဂလာသံပေါက်၊

(၁) ၊သင့်လျော်လျောက်ပတ်။ ထိုအရပ်၊ မှတ်လေ့ အင်ခြောက်ဖြာ၊

(၂) ။မင်္ဂလာပြည့်ဝ၊ရပ်ဌာန၊ဖြစ်ကလွန်ချမ်းသာ၊

(၃) ။ဆက္ကာအင်္ဂုတ်၊ ကျမ်း၌ထုတ်၊ သရုပ်လွန်သေချာ၊

(ဃ) ရတနာသုံးပါးကို ဖူးမြင်ရ၍ တရားစကားတော်ကို ကြားနာရသောအရပ်ကိုဆိုပါသည်။

အမေး။ ။ရှေးသောကိုယ်၏အဖြစ်၌မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသောသူဆိုသည်၊ အဘယ်သို့သောသူကိုဆိုပါ သနည်း ၊

အဖြေ။ ။ရှေးရှေးသော ဘဝ၌ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာအရှင်မြတ်တို့ကိုအာရုံပြု၍ ဆည်းပူးအပ်သော ကုသိုလ်အဓိကာရရှိသူကိုဆိုပါသည်။ ။

ပုဗ္ဗေစကတပုညတာမင်္ဂလာ သံပေါက်။

(၁) ။ရှေးဘဝက်။ပြုခဲ့ကြ။ကတပုညတာ၊

(၂) ပြုခဲ့သခွာ။ထိုထိုလှူ။ကြည်ဖြူလွန်ချမ်းသာ၊

(၃) ။အဓိကာရ။ကုသလ။တုပမနှိုင်းရာ။

(၄) ရှေးရှေးသောဘဝတို့၌ပြုခဲ့ဘူးသောကောင်းမှုရှိသောသူကိုဆိုပါသည်။ ။

အမေး။ ။အတ္တသမ္မာ ပဏိဓိစ၊ မိမိ ကိုယ်ကို ကောင်းစွာဆောက်တည် ရခြင်းဆိုသည်၊ အဘယ်သို့ဆောက်တည်၍ရပါမည်နည်း။ ။

အဖြေ။ ။အတ္တသဒ္ဒါသည့်စိတ်ကိုရင်း။ကိုယ်ကိုရင်း။ သဘောကိုရင်း။အယူကိုရင်းဟော၏။ဟောသော်လည်း။၍အရာ၌ (အတ္တာတိစိတ္တံဝုစ္စတိ၊ သကလောဝါအတ္တဘာဝေါ။)ဟူသောအဋ္ဌကထာအရ။ ကုသလကမ္မပထတရားဆယ်ပါး၌ မိမိတို့ကိုယ်စိတ်နှစ်ပါးကို ကောင်းစွာထားခြင်းကိုဆိုသည်မှတ်ရပါမည်၊ ။

အတ္တသမ္မာပဏိဓိမင်္ဂလာ သံပေါက်၊

(၁) ကိုယ်စိတ်နှစ်ပါး။ကောင်းစွာထား။မှတ်သားပဏိဓိ၊

(၂) အတ္တသမ္မာ၊မင်္ဂလာ၊ကိုယ်မှာပြည့်စုံရာ၊

(၃) ကုသိုလ်တရား၊ထိုဆယ်ပါး၊လွင့်ပါးမရှိပါ။

(၄) ကိုယ်စိတ်နှစ်ပါးတို့ကို ကုသိုလ်တရားတို့၌ ကောင်းစွာအမြဲမပြတ်ထားခြင်ကိုဆိုပါသည်၊

မင်္ဂလာချုပ်၊

(၁) အနုပ္ပဋိရူပ-၆-ပါး တရားရှာ အရပ်၌နေခြင်း ပဋိရူပဒေသာဝါသမင်္ဂလာတပါး။

(၂) ရှေးရှေးသောသံသရာဘဝတို့၌ ဘုရားပစ္စေကဗုဒ္ဓါသာဝက ကတို့ထံဆည်းပူးခဲ့သောကုသိုလ်ပါရှိသော ပုဗ္ဗေစကတ ပုညတာမင်္ဂလာတပါး။

(၃) မိမိကိုယ်စိတ်-၂-ပါးကို ကောင်း စွာ စောက်ဘည့်ရ ခြင်းဟူသော အတ္တသမ္မာပဏိဓိမင်္ဂလာတပါး။

ထို့ကြောင့်။

ပေယျရူပိဿာဂါထာယ ပဋိရူပဒေသဝါသောစ၊ ပုဗ္ဗေစကတ ပုညတာ။အတ္တသမ္မာပဏိဓိစာတိ ဣမင်္ဂလာနိ ဝုတ္တာနိ။

ဟူသောသုတ္တနိပါတ်အဋ္ဌကထာကိုဘောက်။

ထို ၃-ပါးမှအလွန် မင်္ဂလာတရားတော်ကို မိန့်တော်မူပြန်လို သော မြတ်စွာဘုရားသည်။

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊
ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာဝါစာ၊
ဧတံမင်္ဂလမုတ္တမံ။

ဟူသော ပဉ္စမဝတ္ထုဂါထာ ဒေသနာ ပါဠိတော်ကို ဟော တော်မူသတည်း။

ပါဠိတော် အနက်။

ဘောဒေဝပုတ္တ၊ဒိုနတ်သား။ဗာဟုသစ္စဉ္စ။အကြားအမြင်များ သောသူ၏ အဖြစ်သည်၎င်း။ သိပ္ပဉ္စ၊ အတတ်တို့ကို တတ်ရခြင်း သည်၎င်း။သုသိက္ခိတော။ ကောင်းစွာသင်အပ်သော၊ ဝိနယောစ၊ ဝိနည်းတရားသည်၎င်း။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော၊ ယာဝါစာစ၊အကြင်စကားသည်၎င်း။ အတ္ထိ၊ ရှိ၏၊ ဧတံ၊ ဤ ၄-ပါး ဝံသောတရားသည်လျှင်၊ဥတ္တမံ၊မြတ်သော။ မင်္ဂလံ၊မင်္ဂလာမည်၏ဟူ ၍၊တွံ၊သင်နတ်သားသည်၊ဂဏှာဟိ၊မှတ်လေလော့။

## ပုဏ္ဏောဝါဒသုတ္တန်ခဏ်း။

အမေး။ ။အကြား အမြင် များသော သူ၏ အဖြစ် ဟူ သည် အဘယ်နည်း။ ။

အဖြေ။ ။အကြားအမြင်များသော ပုဂ္ဂိုလ်ဟူသည်။ ဗဟုဿုတ်- သုတဓရ - သုတသန္နိစယ - ဖြစ်သောပညာရှိ ပုဂ္ဂိုလ်ကိုဆိုပါသည်။ ။

(၁) ဗဟုဿုတကား။ များသောအကြားအမြင်ရှိသူ။ ။

(၂) သုတဓရကား။ အကြားအမြင်ကိုရွက်ဆောင်သူ။ ။

(၃) သုတသန္နိစယကား။ အကြားအမြင်ကိုရဆောင်းပြီးရှိသူ။

ဗာဟုသစ္စမင်္ဂလာသံပေါက်။

(၁) အကြားအမြင်။ များလေလျှင်။ လူ ခွင်ကျိုးများစွာ။

(၂) ဗာဟုသစ္စ။ မင်္ဂလာ။ နေ့ညအားထုတ်ပါ။

(၃) ဗဟုဿုတ။ ဒုလ္လဘ။ သုတ်ပြကျမ်းဂန်မှာ။

(၈) အကြားအမြင်များသောသူ၏အဖြစ်ကိုဆိုပါသည်။ ။

အမေး။ ။သိပ္ပ။ အတတ်တို့ကိုတတ်ရခြင်းဟူသည် အဘယ် သို့သောအတတ်ကိုတတ်ရပါမည်နည်း။ ။

အဖြေ။ ။အတတ်ဟူသည်။ ဂိဟိသိပ္ပ၊ ပဗ္ဗဇိတသိပ္ပဟူ၍၎င်း။ တနည်း အာဂါရိယသိပ္ပ၊ အနာဂါရိယသိပ္ပဟူ၍၎င်း မှတ်ရမည်ဆိုလိုပါသည်။ ။

သိပ္ပမင်္ဂလာသံပေါက်။

(၁) ရဟန်းသိပ္ပံ။ လူ့သိပ္ပံ။ နှစ်တန်တတ်ပညာ။

(၂) တတ်အပ်စွာ။ မြတ်ပေစွ။ သိပ္ပမင်္ဂလာ။

(၃) ဆိတ်ချေးပစ်မှု။ မကျန်ရ "မာနထားသင့်စွာ။

လူတို့ တတ်အပ်သော ဂိဟိသိပ္ပမှာ ဆိတ်ချေးပစ် အတတ်ပင် သော်လည်း အခွန် တသိန်းထွက်သော ရွာကြီး ၄ - ရွာကိုရဘူး သည်ကိုထောက်သဖြင့် မည်သည့်အတတ်ကိုမဆို တတ်အပ်ပါ သည်။ ။

အမေး။ ။ကောင်းစွာသင်အပ်သောဝိနည်းတရားဟူသည် အဘယ်ကိုဆိုပါသနည်း။ ။

အဖြေ၊ ။ရဟန်းတို့၏ကိုယ်နှုတ်နှုသုံး၊လူတို့၏ကိုယ်နှုတ်နှုလုံးများကို ဆုံးမခြင်းသည်၊ ဝိနယသုတ်ကြတ်မည်၏၊ ထို၂—ပါးတို့တွင် သုစရိုက်တရားအဘယ်ပါးနှင့်အညီပြည့်တ်တရားကိုသင်အံလေ့ကျက်၍အောင်ရှက်မှတ်သားခြင်းပင် လူတို့၏ဝိနည်းတရားမည်ပါသည်၊ ရဟန်းတို့တတ်အပ်သော ပဗ္ဗဇိတသိပ္ပမှာ၊အာပတ်ခုနစ်ပုံကိုလုံခြုံစွာ စောင့်ရှောက်ခြင်းသည်၊ ရဟန်းတို့၏ဝိနယသိပ္ပခေါ်ပါသည်၊ ။

ဝိနယသုသိက္ခိတမင်္ဂလာသံပေါက်၊

(၁) ရဟန်းဝိနည်း၊လူ့ဝိနည်း၊သိသည်းသင်စရာ၊
(၂) သုသိက္ခိတ၊ဝိနယ၊လင်းပြမင်္ဂလာ၊
(၃) ကိုယ်နှုတ်နှုသုံး၊သုံးပါးလုံး၊ဆုံးမနည်းသည်သာ၊
(၄) လူဖြစ်က-လူ့ဝိနည်းကိုသင်ခြင်း၊ ရဟန်းဖြစ်က-ရဟန်းဝိနည်းကိုသင်ခြင်းကိုဆိုပါသည်၊

အမေး။ ။သုဘာသိတာစဟူသောပုဒ်၌ကောင်းစွာ ဆိုအပ်သောစကား ဟူသည် အဘယ်သို့သော စကားကို ဆိုပါသနည်း။ ။

အဖြေ၊ ။သင့်တင့်လျောက်ပတ်သောကာလ၌ဆိုခြင်း၊ မှန်ကန်စွာဆိုခြင်း။ သိမ်မွေ့ခြင်း၊ အကျိုးနှင့် စပ်ခြင်း၊ မကောင်းသောစကားကိုမဆိုခြင်း၊ ။

ထို့ကြောင့်၊

ကာလ-သစ္စ-သဏှ-အတ္ထ - နဒုဋ္ဌာ၊

ပဉ္စနိပါတ်၊အင်္ဂါရပ်၊ထုတ်လပ်ပါဠိမှာ၊ ။

တနည်း ကောင်းသော စကားကို သာလျှင် ဆို၍၊ မကောင်းသောစကားကိုမဆို၊တရားကိုသာလျှင်ဆို၍၊တရားမှကင်း၍မဆိုချစ်ဖွယ်သောစကားကိုသာလျှင်ဆို၍၊ ချစ်ဖွယ်မရှိသောစကား

ကိုမဆို။ မှန်သောစကားကိုသာလျှင်ဆို၍။ မမှန်သောစကားကို မဆို၊ ။

သုဘာ-ဓမ္မ-သုပိယ-သစ္စဘာသိတာ။
စတုနိပါတ်။အဖလေးရပ်။ထုတ်လတ်ပါဠိမှာ။ ။
သုဘာသိတမင်္ဂလာသံပေါက်။

(၁) ကောင်းသောစကား။ဆိုမြိုင်ြား၊တရားထိုက်သက်ရော။
(၂) မှန်ကန်ချစ်ဘွယ်။ဤလေးသွယ်၊ တကယ်ကျမ်းဂန်လာ။
(၃) မင်္ဂလာရှိ။ ဆိုတုံဘိ၊ကဝိမြွောက်ထိုက်စွာ။
(၉) ကောင်းမွန်မှန်ကန်သောစကားဆိုခြင်းကိုဆိုလိုပါသည်။

မင်္ဂလာချုပ်။

(၁) များသော အကြား အမြင်ရှိခြင်း၊ ဗာဟုသစ္စ မင်္ဂလာ တပါး။
(၂) အပြစ်မရှိသော အတတ်ကို တတ်ခြင်း သိပ္ပ မင်္ဂလာ တပါး။
(၃) ဂိဟိဝိနယ။ ပဗ္ဗဇိတဝိနယကိုသင်ခြင်း; ဝိနယ သိက္ခိတ မင်္ဂလာတပါး။
(၄) ကောင်းသော စကားကို ဆိုခြင်း သုဘာသိတ မင်္ဂလာ တပါး။

ထို့ကြောင့်။ ။

ဇေဝံ ဇူမိသာဂါထာယ ဗာဟုသစ္စံ သိပ္ပံ။ ဝိနယော-သုသိက္ခိတော။သုဘာသိတာဝါစာတိ၊စတ္တာရိ မင်္ဂလာနို ဝုတ္တာနို။

ဟူသောသုတ္တနိပါတ်အဋ္ဌကထာပါဠ်ကို၍။

ထို-၄-ပါးမှ အလွန်မင်္ဂလာတရားတော်ကို မိန့်တော်ရှုပြန်လို သော မြတ်စွာဘုရားသခင်သည်။

မာတာပိတု-ဥပဋ္ဌာနံ။
ပုတ္တ-ဒါရဿသင်္ဂဟော၊

အနာကုလာစကမ္မန္တာ။
ဧတံမင်္ဂလမုတ္တမံ။ ။

ဟူသော ပထျာဝတ္တဂါထာဒေသနာ ပါဠိတော်ကို ဟောတော်မူပြန်သတည်း။

ပါဠိတော်အနက်။

ဘောဓိဝပုတ္တ။အချင်းသတိသား။မာတာ-ပိတု၊ အမိအဘတို့ကို။ ဥပဋ္ဌာနဥ္စ။လုပ်ကျွေးမွေးမြူရခြင်းသည်၎င်း။ ပုတ္တဒါရဿ၊ သားမယားအား။သင်္ဂဟောစ၊သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်၎င်း။အနာကုလာ၊ အနှောင့်အရှက်မရှိကုန်သော။ ကမ္မန္တာစ၊ အမှုတို့ကိုပြုရခြင်းသည်၎င်း၊အတ္ထိ။ရှိ၏။ဧတံ။ဤ-၄-ပါးသော တရားသည်လျှင်၊ ဥတ္တမံ၊မြတ်သော၊ မင်္ဂလံ၊မင်္ဂလာမည်၏ဟူ၍။ တွံ၊သင်နတ်သားသည်၊ဂဏှာဟိ။မှတ်လေလော့။ ။

(မှတ်ရန်) အမိကိုလုပ်ကျွေးခြင်း၊ အဘကိုလုပ်ကျွေးခြင်းကို -၂-ပါးခွဲ၍ယူ။ ။

ပုစ္ဆာဝိသဇ္ဇနာခဏ်း။

အမေး။ ။အမိအဘတို့ကိုလုပ်ကျွေးမွေးမြူရမည်ဆိုသော် အဘယ်သို့လုပ်ကျွေးမွေးမြူရမည်နည်း။

အဖြေ။ ။အမိအဘတို့အား။

(၁) ရှိသေလေးမြတ်စွာရှိခိုးပူဇော်ရခြင်း။
(၂) ထမင်းအဖျော်စသည်ကျွေးမွေးထောက်ပံ့ရခြင်း။
(၃) ရေပူရေချမ်းကမ်းလှမ်းသုံးဆောင်စေရခြင်း။
(၄) ပုဆိုး-ထမီ-အင်္ကျီ-တဘက်စသော အဝတ် တို့ကို ပေးလှူရခြင်း။
(၅) အိပ်ရာနေရာပေးရခြင်း။
(၆) နံ့သာကိုကျုံ့သိမ်းကျုံပေးရခြင်းနှင့်တကွ၊ မျက်နှာသစ်ရေ၊ ချိုးရေ၊ ခြေဆေးရေ စသည်ပေးကမ်းရခြင်း၊ဤကျင့်ဝတ်တရား-၆-ပါးနှင့်အညီ၊ လုပ်ကျွေးမွေးမြူရမည်ဆိုပါသည်။

တသ္မာဟိနေနမသောယျ။
သက္ကရေယျပဏ္ဍိတော။
အင်္ဂန္ဒနအဘောပါနေန။
ဝတ္ထေနသယနေနစ။ ။
ဥစ္ဆာဒနေနန္ဟာပေန။
ပါဒါနံဓောဝနေနစ။
တာယနံပါရိစရိယာယ။
မာတာပိတူသုပဏ္ဍိတာ။ ။

ဟုလာသောဇာတ်ပါဠိတော်သောတာနန္ဒဇာတ်ကိုရှု။

မာတာပိတုမင်္ဂလာသံပေါက်။

(၁) မာတာပိတာ။မိနှင့်ဘ၊နို့စလုပ်ကျွေးရာ။
(၂) နို့စလုပ်ကျွေး။ရှိသေပေး၊ပြည့်ရေးမင်္ဂလာ။
(၃) မိဘကျေးဇူး၊ဂုဏ်အထူး။ချီးကျူးမကုန်ပါ။
(၄) အမိကိုကောင်းစွာ လုပ်ကျွေးရခြင်း။ အဘကို ကောင်းစွာလုပ်ကျွေးရခြင်းကိုဆိုပါသည်။

အမေး။ ။သားမယားတို့အားသင်္ဂြိုဟ်ထောက်ပံ့ရခြင်းကိုအဘယ်သို့မှတ်ရပါမည်နည်း။

အဖြေ။ ။အကြင်ပညာရှိသူတော်ကောင်းတို့သည်၊ တရားသဖြင့်သားမယားတို့အား မွေးမြူလုပ်ကျွေးက သီကြားမင်း၍သော်လည်းရှိခိုးခြင်းကိုပြုရသည် မှတ်ရမည်၊ ဤအရာ၌ သားကိုဆိုသော်လည်း သမီးကိုလည်းဆိုသည်ယူရမည်၊

ပုတ္တာပိဓီတရောဝိပုတ္တာဝေဝသည်ျ ဂဏ္ဍန္တိ၊ ။ဟုသုတ်အဋ္ဌကထာ၌လာသည်၊ ။မယားဟူရာ၌လည်း တကျိပ်သောမယားကိုယူသည်မှတ်ရမည်)။ ။

ယေ ဂဟာဋ္ဌာပုညကံရာ။
သီလဝန္တောဥပါသကာ။

ဓမ္မေန ဒါရံ ပေါသေန္တိ၊
ထေနမသာသမိမာ တလိ။ ။

ဟုလာသော သက္ကသံယုတ်ပါဠိတော်ကိုထောက်။
ပုတ္တဒါရသင်္ဂဟ မင်္ဂလာသံပေါက်။

(၁) သားနှင့်သို့း၊ အိမ်ဇနီး၊ မညီးလုပ်ကျွေးရေး၊
(၂) လုပ်ကျွေးသော်မူ၊ သူတော်ဟူ၊ လူတွင်ပဏ္ဍိတာ၊
(၃) အမြတ်အဖျား၊ နတ်သိကြား၊ ညွတ်တွားဝန္ဒနာ။
(ဠ) သားသို့းနှင့်တကွ။ အိမ်သူမယားတို့ကို။ သင့်ဟုဟ်
ထောက်ပံ့ကျွေးမွေးရခြင်းကိုဆိုပါသည်၊

အမေး၊ ။အနှောင့်အရှက်မရှိကုန်သောအမှုတို့ကိုပြုရမည်ဆို
သော်အဘယ်သို့သောအမှုကိုပြုရပါမည်နည်း။

အဖြေ။ ။အနှောင့်အရှက်မရှိသောအမှုဆိုသည်ကား၊
(၁) ထကြွလုံ့လဝီရိယရှိခြင်း။
(၂) သတိတရားနှင့်ပြည့်စုံခြင်း၊
(၃) စင်ကြယ်သောကိုယ်မှုနှုတ်မှုတို့နှင့်ပြည့်စုံခြင်း၊
(၄) ရှုးစမ်းဆင်ခြင်၍ပြုလေ့ရှိခြင်း၊
(၅) ကိုယ်နှုတ်နှလုံးသုံးပါးလုံးကိုစောင့်ရှောက်ခြင်း၊
(၆) တရားသဖြင့်အသက်မွေးခြင်း။ ။

ဤ-၆-ပါးသောအမှုတို့ကိုပြုရမည်ဆိုသည်မှတ်ရမည်၊

ဥဋ္ဌာနဝတော သတိမတော၊
သုစိကမ္မဿ နိသမ္မကာရိနော၊
သညတဿ ဓမ္မဇီဝိနော၊
အပမတ္တဿ ယသော ဘိဝဍ္ဎတိ၊ ။

ဟူ၍လာသောဓမ္မပဒပါဠိတော်ကိုထောက်။ ။
အနာကုလမင်္ဂလာသံပေါက်၊

(၁) နှောင့်ရှက်မရှိ၊ ပြုတုံဘိ။ မှတ်သိကမ္မန္တာ၊
(၂) အပြစ်ကင်းလှ၊ မှုကိစ္စ၊ ပြုကြမင်္ဂလာ၊
(၃) အင်္ဂါခြောက်တန်၊ အရင်းမှန်၊ ကျမ်းဂန်ဖွင့်ပြမှာ၊

(၃) အနှောင့်အရှက်မရှိကုန်သော အမှုတို့ကို ပြုရမည် ဟုဆိုပါသည်။

### မင်္ဂလာချုပ်။

(၁) အမိကိုလုပ်ကျွေးခြင်းမာတုဥပဋ္ဌာနမင်္ဂလာတပါး။
(၂) အဘကိုလုပ်ကျွေးခြင်းပိတုဥပဋ္ဌာနမင်္ဂလာတပါး။
(၃) သားမယားတို့ကို လုပ်ကျွေးခြင်း ပုတ္တဒါရဿသင်္ဂဟ မင်္ဂလာတပါး။
(၄) သားမယားကျေးကျွန်တို့ကိုအမှုခွဲယှဉ်စေ၍လိမ်မာယဉ် ကျေးစေခြင်းအနာကုလာကမ္မန္တာမင်္ဂလာတပါး။

ထို့ကြောင့်၊

ဧဝံဣမိဿာဂါထာယမာတုဥပဋ္ဌာနံ၊ ပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿသင်္ဂဟော၊အနာကုလာစကမ္မန္တာတိစတ္တာရိမင်္ဂလာနိ ဝုတ္တာနိ၊

ဟူ၍ ခုဒ္ဒကပါဌအဋ္ဌကထာ၌ လာသည်ကိုထောက်၊

ထို-၄-ပါးမှအလွန်မင်္ဂလာတရားတော်ကို မိန့်တော်မူပြန်လိုသောမြတ်စွာဘုရားသခင်သည်၊

ဒါနဉ္စဓမ္မစရိယာစ။
ဉာတကာနဉ္စသင်္ဂဟော။
အနဝဇ္ဇာနိကမ္မာနိ။
ဧတံမင်္ဂလမုတ္တမံ။ ။

ဟူသောဒေသနာပါဠိတော်ကိုဟောတော်မူသတည်း။

ဤဂါထာ၌စသဒ္ဒါတလုံးလွန်ခြင်းသည်၊စရိယသဒ္ဒါ၊ကြိယာသဒ္ဒါ အရိယသဒ္ဒါ၊ အရဟာသီဒ္ဒါပါလျှင် များသောအားဖြင့်အဋ္ဌကထာရာဂါထာ၌အက္ခရာတလုံးလွန်မှုသင့်သည်။သင့်ကြောင်းကို။ ။

အရိယ-စရိယ၊ကြိယ-သဒ္ဒါ၊ရှိလေရာ၊အက္ခရာတလုံးလွန်သည်သာ၊

ကဝိသာရာ၊ဆန်းနိကာ မိန့်ဉာထားခဲ့ပါ။

ပါဠိတော်အနက်။

ဘောဇနေဝဂ္ဂ၊ အိုနှတ်သား။ ဒါနဉ္စ၊ အလှူပေးရခြင်းသည်၎င်း၊ ဓမ္မစရိယာစ၊ မြတ်သောအကျင့်ကိုကျင့်ရခြင်းသည်၎င်း။ ဉာတကာနံ၊ အဆွေအမျိုးတို့အား။ သင်္ဂဟောစ၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်၎င်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိစ၊ အမှုတို့ကိုပြုရခြင်းသည်၎င်း။ အတ္တိ၊ ရှိ၏။ ဧတံ၊ ဤ ၄ ပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

ပုဏ္ဏောဝါဒသင်္ဂဟနိက်း။

အမေး။ ။အလှူပေးရခြင်းဟူသည်၊ အဘယ်သို့ပေးရသည်ကို ဆိုပါသနည်း။

အဖြေ။ ။သုတ္တန်နည်းအားဖြင့်၊ ဒါနဝတ္ထု ဆယ်ပါး။
ဝိနည်းအလိုအားဖြင့်၊ ဒါနဝတ္ထု ၄ ပါး။
အဘိဓမ္မာအလိုအားဖြင့်၊ ဒါနဝတ္ထု ၆ ပါး။
ဤဒါနဝတ္ထုမျိုးတို့ဖြင့် အလှူခံပုဂ္ဂိုလ်တို့အားလှူဒါန်းခြင်းအာမိသဒါန။ တရားတော်ကို ပူဇော်ခြင်းသို့မဟုတ်တရားတော်ကိုဆောင်သောပုဂ္ဂိုလ်တို့အား။ လှူဒါန်းခြင်းဓမ္မဒါန။ ပြုလုပ်ပေးကမ်းခြင်းတို့ကို ဆိုသတည်း။ (သို့ရာတွင်သီလဝန္တ ပုဂ္ဂိုလ်အားသာ လှူဒါန်းခြင်းသည်၊ အလဇ္ဇီဒုဿီလပုဂ္ဂိုလ်တို့ကို လှူဒါန်းရခြင်းထက်၊ အကျိုးထူးရှိ၏ဟုမှတ်ရမည်။)
သီလဝန္တေသုဒဇ္ဇာသိ။
ဒါနံမဟပ္ဖလံ ဘဝေ။
နဟိဒါနေပရံ အတ္တိ။
ပတိဋ္ဌာသဗ္ဗပါဏိနံ။ ။

သီလဝန္တဖြစ်သောပုဂ္ဂိုလ်တို့အားလှူဒါန်းခြင်းသည်အာမိသဒါနမည်သတည်း။ ။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ။
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

ဤကား ဓမ္မဒါနသည် အလုံးစုံသော ဒါနတို့ထက် အကျိုးထူးကြီးမြတ်ကြောင်းကို ပြသတည်း။ ။

ဒါနဉ္စမင်္ဂလာသံပေါက်။

(၁) စေတနာဖြူစွ၊ ပေးလှူကြ၊ ဒါနမင်္ဂလာ။
(၂) ဒါနအလှူ၊ ပေးပါမူ၊ ကြည်ဖြူထက်နတ်ရွာ၊
(၃) မင်္ဂမိုလ်နိဗ္ဗာန်၊ ရောက်ကြရန်၊ မိန္တာန်လှူဒါန်းရာ၊
(စ) အလှူလက်ဦး အထူး ပေးကမ်း ခြင်းကို ဆိုပါသည်။ ။

အမေး။ ။မြတ်သောအကျင့်ကိုကျင့်ရခြင်းဟူသည်အဘယ်အကျင့်ပါနည်း။ ။

အဖြေ။ ။ကုသလကမ္မပထတရားဆယ်ပါးကို မမေ့မလျော့ခြင်းသည်မြတ်သောအကျင့်ကိုကျင့်သည်မည်ပါသည်။ ။

အပ္ပမာဒေါ အမတံပဒံ၊
ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊
ယေ ပမတ္တာ ယထာ မတာ။ ။
ဟူသော ဓမ္မပဒပါဠိတော်ကို ရှု။

အသက်ရှင်လျက်ပင်ဖြစ်သော်လည်း၊ သတိမေ့လျော့သောသူကို သေသူနှင့်အလားတူမှတ်ရမည်ဟုဆိုလိုသည်။ ။

ဓမ္မစရိယမင်္ဂလာသံပေါက်။

(၁) ကုသိုလ်ဆယ်ပါး၊ မြတ်တရား၊ ကျင့်ငြားဓမ္မစရိယာ၊
(၂) တရားကျင့်မှု၊ တရားရ၊ ပြန်ထစောင့်ရှောက်ရာ၊

(၃) ပြန်ကာ စောင့် ရှောက်၊ ကျိုးမျက်မှောက်၊ မပေါက်ရမည်တာ။

(ဏ) တရားကိုကောင်းစွာ ကျင့်ခြင်းကိုဆိုပါသည်။

အမေး။ ။အဆွေအမျိုးတို့အား သင်္ဂြိုဟ်ထောက်ပံ့ ရမည်ဆိုသည်ကို သိရပါပြီ၊ အဆွေ အမျိုး ဟူသည်အဘယ်သို့သောသူကိုဆိုပါသနည်း။

အဖြေ။ ။ဉာယန္တေဉာဏမေအမှာကန္တိဉာတကာ၊ဟူ၍ဋီကာ၌လာသဖြင့်၊ဤသူကားငါတို့၏ အတွင်းသားတည်းဟုသိမှတ်ထိုက်သူကိုဆိုပါသည်။ ။

အမှာကံအဇ္ဈတ္တိကာရောတိ ဉာတဗ္ဗဋ္ဌေနဉာတိ၊ ဟူ၍ဓာတုဏ္ဏသင်္ဂြိုဟ်၌ဆို၏။ ၂။ သင်္ဂဟအမေးကိုလိုသော်၊ မာတာပိတုပဋ္ဌာနဒုတိယအမေး၌သင်္ဂဟအဖွင့်ကိုရှု။

ဉာတကာနဉ္စမင်္ဂလာသံ့ပေါက်။

(၁) ဆွေမျိုးတို့အား၊ချီးမြှောက်စား၊မှတ်သားမင်္ဂလာ၊

(၂) ဉာတိသင်္ဂဟ၊ပြည့်စုံမှ၊လောကတင့်တယ်ရေး၊

(၃) အတွင်းသူပင်၊အမှတ်ထင်၊သင်ခြင်းသိမ်းဆည်းပါ၊

(တ) အဆွေအမျိုးတို့ကိုချီးမြှင့် ထောက်ပံ့ခြင်းကိုဆိုပါသည်။

အမေး။ ။အပြစ်မရှိသောအမှုကိုပြုရမည်ဆိုသော်အဘယ်ကဲ့သို့သောအမှုပြုခြင်းကိုဆိုပါသနည်း။

အဖြေ။ ။အပြစ်မရှိသော အမှုကို ပြုသောမည်သည်၊ သစ်သီးဝလံ ပန်းမာလ်အရံစိုက်ပျိုးခြင်း၊၊ အရိပ်သာယာ ပြည့်စုံသော သစ်ပင် စိုက် ခြင်း၊ တံတားခင်း ခြင်း၊ ရေအိုးစင် တည် ခြင်း၊ ရေ ကန်ရေတွင်းတူးဘော်ခြင်း အမှုတို့ကို ပြုသည်ကိုဆိုပါသည်။ ။

အာရာမရောပဝနရောပါ။

ယေဇနာသေတုကာရကာ။

ပပဉ္စ ဥဒပါဒုဉ္စ။
ယေကာစေတ္တဥပဿယံ။ ။
သင်္ဂါထာဝဂ္ဂသံယုတ်ပါဠိတော်ကိုရှု။
အနဝဇ္ဇကမ္မမင်္ဂလာသံပေါက်။

(၁) အပြစ်ကင်းထ။မှုကိစ္စ။ပြုကြမင်္ဂလာ။
(၂) သူတော်သူမြတ်၊ကဲ့ရဲ့တတ်။ရှောင်လတ်မှုကိစ္စာ။
(၃) သူတော်ကောင်းစစ်၊ဉာဏ်နှစ်၊ချစ်မြတ်နိုးမှုသာ၊

(ထ) အပြစ်မရှိသောလယ်သာ၊ လုပ်ကိုင်ကုန်သွယ်မှု အစရှိသည်တို့ကိုပြုခြင်းကိုဆိုပါသည်၊

မှတ်ရန်။ ။ဓမ္မကံလမ်းမှန်၍အပြစ်မရှိသောကိုယ်အမှု၊စိတ်အမှု။နှုတ်အမှု၊ပြုခြင်းသည်၊ အပြစ်မရှိသောအမှုကိုပြုခြင်းမည်၏ဟုမှတ်ပါ။

မင်္ဂလာချုပ်၊

(၁) အလှူပေးခြင်းဒါနဉ္စမင်္ဂလာတပါး။ ။
(၂) ကုသလကမ္မပထတရားတို့ကိုဖြည့်ကျင့်ခြင်း ဓမ္မစရိယ မင်္ဂလာတပါး။ ။
(၃) အဆွေအမျိုးတို့အားထောက်ပံ့ပေးကမ်းခြင်းဉာတကာနဉ္စသင်္ဂဟမင်္ဂလာတပါး။ ။
(၄) ဝေယျာဝစ္စသီလနှင့်တကွပုန်းအရာမ်စိုက်ခြင်း၊တံတားခင်းခြင်းစသောအနဝဇ္ဇကမ္မမင်္ဂလာတပါး။ ။

ထို့ကြောင့်။

ဖြင်ဥ္စမိဉ္စသာဂါထာယဒါနဉ္စဓမ္မစရိယာ။ ဉာတကာနဉ္စ သင်္ဂဟော။ အနဝဇ္ဇာနိ ကမ္မာနိ ဧတံ မင်္ဂလ မုတ္တမန္တိ။ ။

ဟူသောသုတ္တနိပါတ်အဋ္ဌကထာအာဘွင့်ကိုရှု။

၅၊-၄-ပါး၌အလွန်မင်္ဂလာတရားတော်ကို မိန့်တော်မူပြန်လိုသောမြတ်စွာဘုရားသခင်သည်၊

အာရတီ ဝိရတီ ပါပါ။
မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု။
ဧတံ မင်္ဂလမုတ္တမံ။ ။

ဟူသောပထျာဝတ္တဒေသနာပါဠိတော်ကို မိန့်တော်မူပြန်သတည်း။ ။

ပါဠိတော်အနက်။

ဘောဒေဝပုတ္တ၊ အိုနတ်သား၊ ပါပါ၊ မကောင်းမှုမှ၊ အာရတိ စ၊ ဝေးစွာရှောင်ကြဉ်ရခြင်းသည်၎င်း၊ ဝိရတိ စ၊ အထူးသဖြင့်ရှောင်ကြဉ်ရခြင်းသည်၎င်း၊ မဇ္ဇပါနာ၊ သေရည်သေရက်သောက်ခြင်းမှ၊ သံယမော စ၊ ကောင်းစွာရှောင်ကြဉ် ရခြင်းသည်၎င်း၊ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌၊ အပ္ပမာဒေါ စ၊ မမေ့ မလျော့ရခြင်းသည်၎င်း၊ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ-၃-ပါးသောတရားသည်လျှင်၊ ဥတ္တမံ၊ မြတ်သော၊ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော။ ။

ပုစ္ဆာဝိသဇ္ဇနာခဏ်း။

အမေး။ ။မကောင်းမှုမှဝေးစွာရှောင်ကြဉ်ရမည် ဆိုသည် အဘယ်သို့ရှောင်ကြဉ်ရပါမည်နည်း။ ။

အဖြေ။ ။စိတ်ဖြင့်သာလျှင် မကောင်းမှုမှ ကြဉ်ရှောင်ခြင်း သည်၊ အာရတိကြဉ်ရှောင်ခြင်း ဖြစ်ပါသည်၊ ကိုယ်နှုတ်နှလုံးတို့ဖြင့် မကောင်းမှုမှ ကြဉ်ရှောင် ခြင်းသည်ဝိရတိကြဉ်ရှောင်ခြင်းမည်ပါသည်။ ။

ထို့ကြောင့်။

အာရတိ နာမပါပေအာဒီနဝဒဿာဝိနော မနသာဧဝ အနဘိ ရတိ။ ဝိရတိနာမကမ္မဒွါရဝသေနကာယဝါစာဟိဝိရမဏံ၊သာစေ သာဝိရတိနာမ။ ။

ဟူသောသုတ္တနိပါတ်အဋ္ဌကထာကိုရှု။

အာရတိ-ဝိရတိမင်္ဂလာသံပေါက်။

(၁) မကောင်းမှုများ။ဝေးစွာထား။ရှောင်ရှားမင်္ဂလာ။
(၂) ကိုယ်နှုတ်နှလုံး။သုံးပါးလုံး။အသုံးရှောင်ကြဉ်ရာ။
(၃) လောကီလောကုတ်။ ချမ်းသာထုပ်။ မြုပ်အပ်လှတော့သာ။
(၄) မကောင်းမှုတို့ကို။စိတ်ဖြင့်ရင်း ကိုယ်နှုတ်ဖြင့်ရင်း။ကြဉ်ရှောင်ခြင်းကိုဆိုပါသည်။

အထူးမှတ်ရန်အဓိပ္ပါယ်ကား။

နှလုံးဖြင့်မကောင်းမှုမှကြဉ်ရှောင်ခြင်းသည်။ဝိရတိအမည်ပင်တည်း။နှလုံးအားဖြင့်ကဲ့ပြားစေခြင်း၄ါ။မနောဒွါရဖြင့်ကြဉ်ရှောင်ခြင်းသည်အာရတိ၏အမည်ပင်တည်း။ထို့ကြောင့် အာ ဥပသာရနှင့်အာရတိ။ကာယဒွါရ ဝစီဒွါရဖြင့် ကြဉ်သည်ကို။ ဝိဥပသာရနှင့်ဝိရတိဟုရှိသည်ကိုသတိမူ။

ဝိရတိ-၃ ပါးအထူးကား။

(၁) ဝိရတိမှာလည်းသုံးပါးရှိရာရောက်လာသောဝတ္ထုမှကြဉ်ခြင်းသည်သမ္ပတ္တဝိရတိမည်ပါသည်။
(၂) သိက္ခာပုဒ်တို့ကို ဆောက်တည်၍ကြဉ်ခြင်းသည်။ သမာဒါနဝိရတိမည်ပါသည်။ ။
(၃) အရိယာမင်္ဂနှင့်ယှဉ်သောဝိရတိသည်။ သမုစ္ဆေဒဝိရတိမည်ပါသည်။ ။

အမေး။ ။သေရည်သေရက်သောက်ခြင်းမှ ရှောင်ကြဉ်ရမည်ဆိုသည်အဘယ်သို့မှတ်ရပါမည်နည်း။ ။

အဖြေ။ ။သေရည်သေရက်ကိုသောက်ခြင်းတည်းဟူသောသုရာမေရယကံသည်ပါဏာတိပါတစသော-၄ ပါးသောကံတို့ထက်။မဟာသာဝဇ္ဇကြီးသောအပြစ်ဖြစ်၍။အပြစ်သာလွန်၍ ဖြစ်သောကြောင့်။ ကောင်းစွာကြဉ်ရှောင်ရမည်ဆိုပါသည်။ ။

ထို့ကြောင့်။အဝိဇ္ဇာ–သုရာမေရယ မဇ္ဇပမာဒဋ္ဌာန မေဝမ
ဟာသာဝဇ္ဇံ၊ နတထာပါဏာတိ ပါတာဒယော။ ကာမ္မာမနုဿာဘူ
တဿာဝိဉ္ဉုဇ္ဇကာဘာဝသံ ဝတ္တံနေနအရိယဝဇ္ဇန္တရာယ ကရဏာ
တော။ ။ဟူသောရဋ္ဌကပါဌအဋ္ဌကထာလာရှိ၏။ ။

အထူးမှတ်ရန်အဓိပ္ပါယ်ကား။

(၁) မုန့်ဖြင့်ပြုအပ်သောပူဝသုရာ။
(၂) မုံ့ညက်ဖြင့်ပြုအပ်သောပိဋ္ဌသုရာ။
(၃) ထမင်းဖြင့်ပြုအပ်သောဩဒနသုရာ။
(၄) ထံဆေးစပ်၍ပြုအပ်သောကိဏ္ဏပက္ခိတ္တသုရာ။
(၅) အဆောက်အဦထည့်၍ ပြုအပ်သော သမ္ဘာရ ပက္ခိတ္တ
သုရာ။ ။ဤကားသုရာ ၅ ပါတည်း။

အကျဉ်းမှတ်ရန်ဆောင်ပုဒ်ကား။

ပူဝ။ပိဋ္ဌ၊ဩဒန၊ကိဏ္ဏ၊သမ္ဘာရာ။
သုရာငါးပါး၊မြဲမှတ်သား။စကားသင်္ခေပါ။ ။နှုတ်ရကျက်လေ။

မေရယ ၅ ပါးကား။

(၁) အပွင့်ရည်ဖြင့်ပြုအပ်သောပုပ္ဖာသဝအရက်။
(၂) အသီးရည်ဖြင့်ပြုအပ်သောဖလာသဝအရက်။
(၃) တင်လဲရည်ကြံရည်ဖြင့်ပြုအပ်သောဂုဠာသဝအရက်။
(၄) မယ်ဇယ်ပွင့်ရည် မုဒရက်သီးရည် ဖြင့်ပြုအပ်သော မ
ဓွာသဝအရက်။
(၅) အဆောက်အဦနှင့် ယှဉ်သောသမ္ဘာရသံယုတ္တအရက်။
ဤကားမေရယ ၅ ပါးတည်း။

အကျဉ်းမှတ်ရန်ဆောင်ပုဒ်ကား။

ပုပ္ဖာ၊ဖလာ၊ဂုဠာသ၊မဓွ၊သမ္ဘာရာ။
၊ငါးမည်ဝမ္မ၊မေရယ၊မှတ်ကြသချာစွာ။

မင်္ဂလပါဠိနသံယမံမင်္ဂလာသံပေါက်။

(၁) သေရည်သောက်စား။ရှောင်ကြဉ်ခြား၊တပါးမင်္ဂလာ၊

(၂) သေရည်ကို သောက်၊ ဖြစ်မျက်မှောက်၊ ရောက်သည် ကြေနံ့သာ။

(၃) ဥစ္စာပျက်ယွင်း။ချို့တဲ့ခြင်း။လက်ငင်းဖြစ်တတ်ပါ။

(၄) ယခုဘဝ။သေလွန်က။ချောက်ရအပါယ်ရွာ။

(၅) လူတို့ဘဝ။ရောက်ပြန်က။ရူးရသွတ်ခြာခြာ။

(၆) မူးယစ်စေတတ်သော သေရည်သေရက်၊ဘိန်း,ဘင်း,ကဇော်,လှော်ဇာ, ကိုကင်း,မာဖီယား,တို့ကို သောက်စားခြင်း,ရှူခြင်း, ထိုးနှံခြင်းတို့မှ ရှောင်ကြဉ်သည်ကို ဆိုပါသည်။

အမေး။ ။ကုသိုလ်ကောင်းမှုတို့၌၊မမေ့မလျော့ရခြင်းဟူသည် အဘယ်သို့သောသဘောဖြစ်ပါသနည်း။

အဖြေ။ ။ကုသိုလ်ကောင်းမှုတို့၌မမေ့မလျော့ဘဲ၊ ကိလေသာကိုပယ်ပနိစေတတ်သော လုံ့လနှင့်တကွ၊ နိဗ္ဗာန်သို့စေလွှတ်သောစိတ်ဖြင့် နေလေ့ရှိသောသူအား၊ ကိလေသာမှ မလွတ်သေးသော်လည်း၊ ကိလေသာမှလွတ်အံ့၊ အာသဝေါ်ရှိသော်လည်း၊ အာသဝေါကုန်ခြင်းသို့ရောက်အံ့သောသဘောရှိသည်ကိုဆိုပါသည်။

ထို့ကြောင့်။ ။

အပ္ပမတ္တဿ အာတာပိနော ပဟိတတ္တဿ ဝိဟရတော အဝိမုတ္တံဝါစိတ္တံဝိမုစ္စတိ၊အပရိက္ခီဏာဝါအာသဝါပရိက္ခယံဂစ္ဆန္တိ၊ ။

ဟူသောပဥ္စအင်္ဂုတ္တိုရ်၊ဝိမုတ္တိသုတ်ကိုရှု။ ။

အပ္ပမာဒမင်္ဂလာသံပေါက်၊

(၁) ကုသိုလ်ဓမ္မ၊မမေ့ကြ။အပ္ပမာဒမင်္ဂလာ။

(၂) ကုသိုလ်ဓမ္မ။မေ့လျော့ကြ။ပမာဒလက္ခဏာ၊

(၃) မမေ့သောသူ။မင်္ဂဖိုလ်ယူ၊လွယ်ကူရောက်မည်တာ၊

(၄) မေ့လျော့လေက၊ပါယ်လေးဝ၊ကျမည့်အမှန်သာ၊

(၅) ကုသိုလ်တရားတို့၌မမေ့မလျော့ရခြင်းကိုဆိုပါသည်၊

မင်္ဂလာချုပ်။

(၁) ကိုယ်နှုတ်နှလုံးသုံးပါးတို့ဖြင့် မကောင်းမှုမှကြဉ်ခြင်း အာရတိဝိရတိမင်္ဂလာတပါး။ ။

(၂) သေရည် သေရက်သောက်စားခြင်းမှ ကြဉ်ခြင်းမဇ္ဇပါနသံယမ မင်္ဂလာတပါး။ ။

(၃) ကုသိုလ်တရားတို့၌မမေ့မလျော့သောသတိရှိခြင်းအပ္ပမာဒမင်္ဂလာတပါး။ ။

ထို့ကြောင့်။ ။

ဧဝံဇာနိံသောဂါထာသ ပါပါဝိရတိ၊ မဇ္ဇပါန သံယမော။ ကုသလေသု ဓမ္မေသု အပ္ပမာဒေါတိတိဏံ မင်္ဂလာနိ ဝုတ္တာနိ။ ။

ဟူသောသုတ္တနိပါတ်အဋ္ဌကထာကိုထောက်။ ။

ဤ ၃—ပါးမှအလွန် မင်္ဂလာတရားတော်ကိုမိန့်တော်မူပြန်လိုသေးမြတ်စွာဘုရားသခင်သည်။

ဂါရဝေါစ နိဝါတောစ။

သန္တုဋ္ဌီစ ကတညုတာ။

ကာလေန ဓမ္မဿဝနံ။

ဧတံမင်္ဂလမုတ္တမံ။ ။

ဟူသောတတိယအကာရဝိပုလာဂါထာဒေသနာပါဠိတော်ကို။မိန့်မှာတော်မူလေသတည်း။ ။

ပါဠိတော်အနက်။

ဘောဒေဝပုတ္တ၊အိုနတ်သား၊ ဂါရဝေါစ၊ ရိုသေထိုက်သောသူတို့အားရိုသေရခြင်းသည်၎င်း၊ နိဝါတောစ၊ မိမိကိုယ်ကို နှိမ့်ချရခြင်းသည်၎င်း။သန္တုဋ္ဌီစ၊ရောင့်ရဲလွယ်ရခြင်းသည်၎င်း။ကတညုတာစ၊ သူပြုဘူးသောကျေးဇူးကို သိရခြင်းသည်၎င်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌၊ ဓမ္မဿဝနဉ္စ၊ တရားတော်ကိုနာရခြင်းသည်၎င်း။အတ္ထိ၊ရှိ၏။ ဧတံ၊ဤ ၅—ပါးသော တရားသည်လျှင်။ဥတ္တမံ၊မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊သင်နတ်သားသည်။ဂဏှာဟိ၊မှတ်လေလော့။ ။

## ပုဏ္ဏောဝါဒသင်္ဂြဟနာခန်း။

အမေး။ ။ရိုသေထိုက်သောသူဟူသည်အဘယ်သို့ သဘောရှိသောပုဂ္ဂိုလ်ကိုခေါ်ဆိုပါသနည်း။ ။

အဖြေ။ ။ဂုဏ်ဘသဝေါဂါရဝေါဟု ဝိဂြိုဟ်ပြုသောကြောင့် အလေးအမြတ်ပြုအပ်ကုန်သောအမိအဘဆရာသမားနှင့်တကွအသက်ဂုဏ်ကြီးမားသောသူတို့ကို ရိုသေထိုက်သောပုဂ္ဂိုလ်ဟုဆိုရပါသည်။ ။

## ဂါရဝမင်္ဂလာသံပေါက်။

(၁) ရိုသေထိုက်လှ၊ ရိုသေကာ၊ မှတ်ကြမင်္ဂလာ။
(၂) ဂါရဝတရား၊ ပြည့်စုံငြား၊ ကျိုးကားလွန်များစွာ။
(၃) မျက်မှောက်ကောင်း၊ သံသာရာ၊ နှစ်တန်ချမ်းသာရာ။ ။
(၄) ရိုသေထိုက်သောရတနာသုံးပါး- မိဘ-ဆရာများကို ရိုသေရခြင်းကိုဆိုပါသည်။ ။

| | |
|---|---|
| ပုဂ္ဂိုလ်-ခုနစ် ဦးမှတ်ရန်။ | သုံးတန်ရတနာ၊ ဂါရဝ၊ လွန်စွာပြုမြဲဟူ။<br>အာစရိယ၊ မိနှင့်ဘ၊ ကုလကြီးမြင့်သူ။ ။<br>အသက်ဂုဏ်နေ၊ ကြီးသူတွေ၊ ပုံသေထိုနည်းယူ။ |

ဤအရာ၌ ဆရာမိဘစသော သူတို့ကို ရိုရိုသေသေ လေးလေးမြတ်မြတ်အာရုံကပ်၍ မပြတ်ခစားသော ရှိခြင်းသည်ပဋ္ဌာပုန်-သံသရာနှစ်ဖြာကြီးပွါးကြောင်းနှင့် ကောနိပါတ်တိတ္တိယဇာတ်၌လာသည်ကိုရှု။

အမေး။ ။မိမိကိုယ်ကို နှိမ့်ချရမည်ဆိုသော်အဘယ်သို့နှိမ့်ချသောသူကိုဆိုပါသနည်း။ ။

အဖြေ။ ။ခြေသုတ်ပုဆိုး၊ ဖြွှင့်ယက်ကျိုးနွား၊ ချိုကြီးသောနွား၊ ခွန်းစတ္ထားပယောဂ၊ နှိမ့်ချသောမာန်ရှိသောသူကဲ့သို့ မိမိကိုယ်ကိုနှိမ့်ချသောသူကိုဆိုပါသည်။ ။

## နိဝါတမင်္ဂလာသံပေါက်။

(၁) စိတ်ကိုနှိမ့်ချ။ နိဝါတ၊ မြတ်လှမင်္ဂလာ။
(၂) အဝှယ်ချိုကျိုး။ မြွေနွားမျိုး၊ ဆိုရိုးဥပမာ။
(၃) ဇာတိ-ပညာ၊ ဂုဏ်မာန၊ သုံးဝထင်ရှားစွာ။
(၄) နှိမ့်ချထိုက်သော ရတနာသုံးပါး၊ မိဘဆရာသမားတို့အောက်၊ ခြေသုတ်ပုဆိုး၊ မြွေဝှယ်ကျိုးနှင့် ချိုကျိုးသောနွား ဒွန်းစဏ္ဍားပမာကဲ့သို့နှိမ့်ချခြင်းကိုဆိုပါသည်၊

အမေး။ ။ရောင့်ရဲလွယ်ရခြင်းဟူသည် အဘယ်အရာကိုဆိုပါသနည်း။ ။

အဖြေ။ ။သန္တောသ-၁၂-ပါးတို့ဖြင့် ပစ္စည်း-၄-ပါးတို့အား ရသမျှနှင့်ရောင့်ရဲသည်ကိုဆိုပါသည်။

## သန္တောသ-၁၂-ပါးကား။

ယထာလာဘသန္တောသ၊ ယထာဗလသန္တောသ၊ ယထာသာရုပ္ပသန္တောသ၊ ။ဟူ သင်္ကန်း၌-၃-ပါး၊ ထို့အတူဆွမ်း၌-၃-ပါး၊ ကျောင်း၌-၃-ပါး၊ ဆေးပစ္စည်း၌-၃-ပါး၊ ဤသည်လျှင်-၁၂-ပါးတည်း။ ။

ထို့ကြောင့်၊ သန္တုဋ္ဌိတာတိအလောဘသန္တောသော။ ။ဟူ၍အဋ္ဌကထာဖွင့်သည်ကိုရှု၊ အလောဘတပါးသာလျှင်ဖြစ်ပြားသော်လည်း၊ အခြင်းအရာအားဖြင့်-၁၂-ပါးမှတ်။ ။ဤအရာ၌ရဟန်းကို ဆိုသော်လည်း၊ လူတို့နှင့်သင့်လျော်သော အရာကို ကျင့်ရသည်ဟူလို။

## သန္တုဋ္ဌိမင်္ဂလာသံပေါက်။

(၁) ရသင့်ရထိုက်၊ ပစ္စည်း၌၊ နှစ်ချိုက်မင်္ဂလာ။
(၂) လောဘတရား၊ မကြီးမား၊ မှတ်သားသန္တုဋ္ဌာ။
(၃) အလိုကြီးမား၊ ပျက်စီးကြား၊ ထင်ရှားသက်သေမှာ။
(၄) မိမိတို့ရသင့်ရထိုက်သော ဥစ္စာပစ္စည်းမျှဖြင့် အားရတင်းတိမ်၍နေသည်ကိုဆိုပါသည်၊

အမေး၊ ၊သူပြဘူးသော ကျေးဇူးကို သိရမည်ဟူသည်၊ အဘယ်သို့သိခြင်းလက္ခဏာကိုဆိုပါသနည်း၊

အဖြေ၊ ၊ပုဗ္ဗကာရီ၏အဖြစ်သူတပါးကိုမိမိကရှေးဦးစွာအစပြုခြင်း၊ သူတပါးပြုသော ကျေးဇူးကိုလည်းနောက်မှ ကျေးဇူးတုံ့ပြုခြင်း၊ ဤ-၂-ပါးသော အကျင့်သည် ကျေးဇူးကိုသိသည်ဟုဆိုလိုပါသည်၊

ထို့ကြောင့်၊

ဒွေမေဘိက္ခဝေပုဂ္ဂလာဒုလ္လဘာလောကသ္မိံ၊ ကတမေဒွေယော စပုဗ္ဗကာရီ၊ယောစကတညူကတဝေဒီ၊ဣမေခေါဘိက္ခဝေဒွေပုဂ္ဂလာဒုလ္လဘာလောကသ္မိံ၊ ၊ဟူ၍ဒုကအင်္ဂုတ္တိုရ်၌လာသည်ကိုရှု၊

ကတညုတမင်္ဂလာသံပေါက်၊

(၁) ကျေးဇူးရှင်အား၊ပြန်သိငြား၊မှတ်သားမင်္ဂလာ၊
(၂) ကတညုတာ၊မင်္ဂလာ၊မှန်စွာသိထိုက်ရာ၊
(၃) ကျေးဇူးအရှင်၊ ကျေးဆပ်လျှင်၊ လူတွင်သူတော်စွာ၊
(၁) သူတပါးက မိမိအားရှေးဦးပြုဘူးသော ကျေးဇူးကို၊ ထိုကျေးဇူးနှင့်အတူ-နောက်တပ်မိမိက ကျေးဇူးတုန့်ဆပ်ရခြင်းကိုဆိုပါသည်၊

အမေး၊ ၊လျောက်ပတ်သောအခါ၌တရားကိုနာရခြင်းဟူသည် အဘယ်ကဲ့သို့သောအခါကိုဆိုပါသနည်း၊ ၊

အဖြေ၊ ၊ကာမဝိတက်၊ဗျာပါဒဝိတက်၊စသည်နှိပ်စက်သော အခါ၊ ထိုဝိတက်ဘို့ပျောက်အံ့သော၄ါ တရားတော်ကိုနာရသောအခါကိုဆိုသည်မှတ်ရမည်၊ ၊

ကာလေနဓမ္မဿဝနမင်္ဂလာသံပေါက်၊

(၁) သင့်တင့်သမျှ၊ယင်းကာလ၊နာကြမြတ်ဓမ္မာ၊
(၂) ကာမဝိတက်၊ပယ်လှန်ဖျက်၊နှစ်သက်ကြားနာရာ၊
(၃) ပစ္စုပ္ပန္န၊သံသာရာ၊နှစ်ဝကျိုးရှိစွာ၊
(မ) ကာမဝိတက်စသော ဝိတက်တရားများ မဝင်ရအောင် ပယ်ခြင်း၄ါ၊တရားတော်မြတ်နာရခြင်းကိုဆိုပါသည်၊

မင်္ဂလာပေါင်းချုပ်။

(၁) ဘုရားစသောသူတော်ကောင်းတို့ကိုအရိုအသေပြုခြင်း ဂါရဝမင်္ဂလာတပါး။

(၂) ခြေသုတ်ကြိုးဝန်းကဲ့သို့ရှင်း။ ခွန်းစဏ္ဍာလ်ပန်းမှိုက်သွန်ကဲ့သို့ရှင်း။ နှိမ့်ချခြင်းနိဝါတမင်္ဂလာတပါး။

(၃) ရသမျှသောပစ္စည်းတို့ကို သန္တောသတို့ဖြင့် ရောင့်ရဲခြင်း သန္တုဋ္ဌိမင်္ဂလာတပါး။

(၄) သူတပါးတို့၏ ကျေးဇူးကိုသိခြင်း ကတညုတာမင်္ဂလာတပါး။

(၅) ဝိဘက်မကင်းသဖြင့် ကိလေသာရောဂ နှိပ်စက်သောအခါ။တရားတော်ကို နာခြင်း ကာလေန ဓမ္မဿဝနမင်္ဂလာတပါး။

ထို့ကြောင့်......

ဇေယျ မိဿ ဂါထာဿ ဂါရဝေါ၊ နိဝါတော၊ သန္တုဋ္ဌိ၊ ကတညုတာ၊ ကာလေန ဓမ္မဿဝနန္တိ ပဉ္စမင်္ဂလာနိ ဝုတ္တာနိ၊ ဟူသောသုတ္တနိပါတ်အဋ္ဌကထာကိုထောက်။

ဤ-၅-ပါးမှအလွန် မင်္ဂလာတရားတော်ကို မိန့်တော်မူပြန်လိုသော မြတ်စွာဘုရားသခင်သည်။

ခန္တီစသောဝစ္စဿတာ၊
သမဏာနဉ္စဒဿနံ၊
ကာလေနဓမ္မသာကစ္ဆာ၊
ဧတံမင်္ဂလမုတ္တမံ။

ဟူသောဒေသနာပါဠိတော်ကိုမိန့်မှာတော်မူလေသတည်း။

ပါဠိတော်အနက်။

ဘောဒေဝပုတ္တ၊အချင်းနတ်သား။ခန္တီစ၊ သည်းခံရခြင်းသည်၎င်း။ သောဝစ္စဿတာစ၊ သူတော်ကောင်းတို့ဆုံးမသော စကားကို နာလွယ်သေါသူ၏အဖြစ်သည်၎င်း။သမဏာနံ၊ရဟန်းပုဏ္ဏားတို့အား။ ဒဿနဉ္စ၊ဖူးမြင်ရခြင်းသည်၎င်း။ကာလေန၊သင့်တင့်လျောက်ပတ်

ဖြဟ္မစာရှဟူသည်၊ဓာတိဖြဟ္မစာ-ဝိသုဒ္ဓိဖြဟ္မစာရှဟူ၍
၂ ပါးအပြားရှိ၏၊ထို ၂ ပါးတို့တွင်၊ ဝါဟိတောအ
ဇောဝယေနာတိဖြဟ္မဇောတော ပြုပြီးလျှင်မျှောအပ်ပြီး
သောမကောင်းမှုရှိသော ဒိဏာသဝဖြစ်သော ဝိသုဒ္ဓိ
ဖြဟ္မစာကိုယူ။ထနည်းလည်း။ အရိယဖြဟ္မစာစံသ၊
ပုထုဇ္ဇနဖြဟ္မစာစံသ ၂ပါး၊ထို ၂ပါးတို့တွင်၊ပုထုဇ္ဇ
နဖြဟ္မစာစံသကို မယူမူ၍။ အရိယစံသဖြဟ္မစာကို
သာယူသည်မှတ်ရမည်၊

ဖူးမြင်ရခြင်းကား၊ဆည်းကပ်ခြင်း။လုပ်ကျွေးခြင်း၊အောက်မေ့
ခြင်း၊နာယူခြင်းစသောအနုတ္တရိယ ၆ ပါးတို့သည်။ ဒဿနအရ
ပင်ဖြစ်သည်။

သမဏဒဿန မင်္ဂလာသံပေါက်၊

(၁) ရဟန်းတော်များ၊ဖူးမြင်ငြား။မှတ်သားမင်္ဂလာ၊
(၂) ဖူးမြင်ပါရ။ကျိုးများလှ၊ဟောပြဒေသနာ။
(၃) သဃ်ာတော်များ။ဖူးလိုငြား။စည်ကားနေ့တိုင်းသာ။
(လ) ရဟန်းသဃ်ာကို ဖူးမြင်ခြင်းကို ဆိုပါသည်၊
(ဝိသုဒ္ဓိပ၊ဖြဟ္မဏ။ဒိဏာသဝယူ)ဟူ၍ဆိုသည်ဟုမှတ်ပါ၊

အမေး၊ ၊သင့်တင့် လျောက်ပတ်သောအခါ၌ တရားတော်ကို
ဆွေးနွေး မေးမြန်းရခြင်းဟူသည်။ အဘယ်သို့ ပြုရ
သည်ကိုဆိုပါသနည်း။

အဖြေ။ ။သင့်တင့်လျောက်ပတ်သောကာလဟူသည်။ အကာ
လ-၇-ပါးမှ လွတ်သော ကာလကို ဆိုသည်မှတ်ရ
မည်၊ ထိုမှကင်းလွတ်သော ကာလ၌သာ ဆွေးနွေး
မေးမြန်းရမည်ဆိုလိုသည်။

အာကာလ-၇-ပါးဟူသော်ကား၊

(၁) စေတီယင်ပြင်သို့ဆည်းကပ်သောကာလ၊
(၂) ခရီး၌ဆွမ်းခံသွားဆဲကာလ၊
(၃) ရွာတွင်း၌ဆွမ်းခံဝင်ဆဲကာလ၊

(၄) ဆွမ်းစားဇရပ်၌ဆွမ်းစားမည်ပြုသဲကာလ၊
(၅) ဆွမ်းကိုယူဆောင်ဆဲကာလ။
(၆) ဆွမ်းစားဆဲကာလ၊
(၇) နေ့သန့်ရာသို့သွားဆဲကာလ၊

ဤကားမဆွေးနွေးမမေးမြန်းရသောကာလတည်း၊ ဤကာလ ၇-ပါးမှကင်းလွတ်သောအခါကို၊သင့်တင့်လျောက်ပတ်သောကာလမှတ်ရပါမည်။

တရားတော်ကို ဆွေးနွေး မေးမြန်း ရခြင်းကား၊ ညည့်ဦးယံ၌ ၎င်း၊မိုးသောက်ယံ၌၎င်း၊သုတ္တန်ပါဠိတော်ကိုဆောင်သောရဟန်း၊ ဝိနည်းပါဠိတော်ကို ဆောင်သောရဟန်း၊ အဘိဓမ္မာပါဠိတော်ကို ဆောင်သောရဟန်း၊ အဋ္ဌကထာကို ဆောင်ကုန်သော ရဟန်းအချင်းချင်းတို့ ဆွေးနွေး မေးမြန်းခြင်းကို ဆိုပါသည်၊ လူတို့လည်း ဒေသနာအားလျော်စွာ အချင်းချင်းဆွေးနွေးမေးမြန်းရမည်ကို၊ဆိုသည်ဟုမှတ်ပါရမည်၊

ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာသံပေါက်၊

(၁) သင့်တင့်ကာလ၊မြတ်ဓမ္မ၊ဇစ်ဆွေးနွေးရာ၊
(၂) ပြဿနာမေး၊ဖြေဆိုရေး၊ဆွေးနွေးနှီးနှောပါ၊
(၃) နှီးနှောစကား၊ဖြေလေငြား၊ပြန့်ပွားမင်္ဂလာ၊
(၀) လျောက်ပတ်သော ကာလ၌၊ တရားစကား ဆွေးနွေးရခြင်းကိုဆိုပါသည်။ ။

မင်္ဂလာချုပ်၊

(၁) သည်းခံရခြင်း ခန္တီမင်္ဂလာတပါး
(၂) သိတင်းသုံးဘော်တို့အချင်းချင်း ပြောဆိုဆုံးမသော စကားကိုနာခံခြင်းသောဝစ္စဿတာ မင်္ဂလာတပါး၊
(၃) ရဟန်းပုဏ္ဏားတို့ကို ရိုသေလေးမြတ်စွာ ဖူးမြင်ပူဇော်ခြင်းသမဏာဒဿနမင်္ဂလာတပါး

(၄) သုတ်ဝိနည်းအဘိဓမ္မာတရားတို့ကိုကောင်းစွာဆွေးနွေး
မေးမြန်းခြင်း။ ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာတပါး။

ထို့ကြောင့်.....

ဇေယံဇုမိသာဂါထာယစ္ဆိစသော ဝစ္စသဘာသမဏာနံ ဒဿနံ ကာလေန ဓမ္မသာကစ္ဆာတိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ။ ။ဟုသုတ္တန်ပါတ်အဋ္ဌကထာကိုဆောက်။ ။

ဤ၄ပါးမှအလွန်မင်္ဂလာတရားဘောင်ကိုမိန့်တော်မူပြန်လိုသော မြတ်စွာဘုရားသခင်သည်။

တပေါစဗြဟ္မစရိယဉ္စ။
အရိယသစ္စာန ဒဿနံ၊
နိဗ္ဗာနသစ္ဆိကိရိယာစ။
ဧတံမင်္ဂလမုတ္တမံ။ ။

ဟူသောဂါထာဒေသနာပါဠိတော်ကိုမိန့်တော်မူသတည်း။ ။

ဤဂါထာ၌ စရိ-အရိ-ကိရိ-လဟု ၄-လုံး တို့ကို ပေါင်း၍ ဂရုတလုံးအဖြစ်ဖြင့် ယူရသောကြောင့် ပထမပါဒ-ဒုတိယပါဒ-တတိယပါဒတို့၌ အက္ခရာတလုံးစီလွန်သည်ကိုသတိမူ။

ပါဠိတော်အနက်။

ဘောဂဒေဝပုတ္တ၊ အိုနတ်သား။ တပေါစ၊ မြိုးခြံစွာ ကျင့်ရခြင်းသည်၎င်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်၎င်း။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနဉ္စ၊ သိမြင်ရခြင်းသည်၎င်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာကို။ သစ္ဆိကိရိယာစ၊ မျက်မှောက်ပြုရခြင်းသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤ ၄-ပါးသောတရားသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ။ မင်္ဂလာမည်၏ဟူ၍၊ တွံ၊ သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော့။ ။

ပုစ္ဆာဝိသဇ္ဇနာခဏ်း။

အမေး။ ။မြိုးခြံစွာကျင့်ရမည်ဟူသည်အဘယ်သို့ ကျင့်ရပါမည်နည်း။ ။

အဖြေ။ ။အဘိဓမ္မာ-ဒေါမနဿ အစရှိသောအကုသိုလ်တရားတို့ကို ပယ်ပန်စေတတ်- ဖျက်ဆီး တတ်သော-ဇ္ဈာန်ဖြင့်သံဝရ တည်း ဟူသော သတိ တရား။ ပျင်းရိဆုတ်နစ်တတ်သော ကောသဇ္ဇ တရားကို ပယ်ပန်စေတတ်သောဝီရိယတရား၊ ထိုတရား-၂-ပါးတို့ကို မှီ၍ယုတ်လျော့စေမှု၍ မဆုတ်မနစ်စင်စစ်အရိုးကြွင်းစေ၊ အရေအကြောကြွင်းစေ၊အသားအသွေးခန်းခြောက်စေ အကျင့် ကျေးဇူးသို့ ရောက်အောင် ဉာဏ်နှင့်ယှဉ်လျက်အားထုတ်သောက်ထည်မည်ကိုဆိုပါသည်။

တပေါ်စမင်္ဂလာသံပေါက်။

(၁) မြိုးခြိုကျင့်ကြံ၊တပေါ်စ၊ဟောပြမင်္ဂလာ။
(၂) အကျင့်မြိုးခြိ၊မကောင်းရန်၊ပယ်လှန်ဖျက်ဆီးရာ။
(၃) ရကောင်းနှောင်ကောင်း၊နှစ်ရပ်ကောင်း အကြောင်းထူးလှစွာ။
(သ) မြိုးခြိစွာကျင့်သည်ကိုဆိုပါသည်။

အမေး။ ။မြတ်သောအကျင့်ဟူသည်အဘယ်သို့ ကျင့်ရမည်နည်း။

အဖြေ။ ။မြတ်သောအကျင့်ဟူသည် ဗြဟ္မစရိယ အကျင့်ပင်တည်း။ထိုအကျင့်ကား မကောင်းသောအလေ့အကျင့်ကိုမကျင့်ရှောင်ရှားသူတို့၏အလေ့အကျင့်ဖြစ်သောမေထုန်အကျင့်ကိုမကျင့်၊သူတော်ကောင်းတို့၏၊အကျင့်ဖြင့်သာလျှင် ကျင့်သည်ကိုမြတ်သော အကျင့်ဆိုပါသည်။

ဗြဟ္မစရိယမင်္ဂလာသံပေါက်။

(၁) မြတ်သောတရား၊ကျင့်တုံငြား၊ မှတ်သားဗြဟ္မစရိယာ။
(၂) မြတ်သောတရား၊ဟူသည်ကား၊ရှောင်ရှားမေထုနာ။
(၃) မေထုန်အကျင့်၊ရှောင်ကုန်လင့်၊မည်သင့်မင်္ဂလာ။
(ဟ) မြတ်သောအကျင့်ကျင့်ခြင်းကိုဆိုပါသည်။

အမေး။ ။အရိယသစ္စာကိုသိမြင်ရခြင်း ဟူသည် အဘယ်သို့မှတ်ရပါမည်နည်း၊

အဖြေ၊ ။အကြင်သူသည်ဒုက္ခသစ္စာကိုသိ၍၊ ထိုဒုက္ခသစ္စာ၏အကြောင်းဖြစ်သောသမုဒယသစ္စာကိုလည်းသိ၍၊ အကြင်နိဗ္ဗာန်၌ခပ်သိမ်းသောဒုက္ခဟူသမျှသည်အကြွင်းမရှိချုပ်၍၊ ထိုနိဗ္ဗာန်ကိုလည်းသိ၍၊ ထိုဒုက္ခ၏ငြိမ်းရာနိဗ္ဗာန်သို့ လားကြောင်းဖြစ်သော အဋ္ဌင်္ဂိကမဂ်ကိုလည်းသိ၍၊ ထိုသို့သိသဖြင့်အရဟတ္တဖိုလ်သမာဓိနှင့်ပြည့်စုံကုန်၍၊ ထိုမှတပါး အရဟတ္တဖိုလ်ပညာနှင့်ပြည့်စုံသည်ဖြစ်၍၊ ဝဋ်ဆင်းရဲ၏အဆုံးကို ပြုခြင်းငှါမထိုက်သည်ဖြစ်၍၊ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းတို့မှနောက်တဖန် မရောက်ဘုန်း၊ ဤသည်လျှင်အရိယသစ္စာကိုသိခြင်းဆိုပါသည်။

အရိယသစ္စဒဿနမင်္ဂလာသံပေါက်။

(၁) သစ္စာလေးအင်၊ မဂ်ဖြင့်မြင်၊ သိလျှင်မင်္ဂလာ။
(၂) လေးပါးသစ္စာ၊ ပေါ်ပြီ၊ မှန်စွာတရားရှာ။
(၃) အရဟတ္တဖိုလ်၊ ပညာကို၊ သို၍ဤအရာ၊
(၄) အရိယာတို့၏ သစ္စာတရားလေးပါး သိမြင်ခြင်းကို ဆိုပါသည်၊

အမေး၊ ။နိဗ္ဗာန်ချမ်းသာကိုမျက်မှောက်ပြုရခြင်းဟူသည် အဘယ်သို့သဘောကိုဆိုပါသနည်း၊ ။

အဖြေ။ ။ဤအရာ၌ အရဟတ္တဖိုလ်ကိုနိဗ္ဗာန်ဟူ၍ ယူရမည်၊ ထိုအရဟတ္တဖိုလ်သည်၊ ဝါနဟုသမုတ်အပ်သောတဏှာမှ၊ ဝိသယာတိက္ကမအားဖြင့် ထွက်မြောက်သည်၏အဖြစ်ကြောင့် နိဗ္ဗာန်ဟူ၍ခေါ်ဆိုရပါသည်။ အရဟတ္တဖိုလ်မှတပါးသော အသင်္ခတနိဗ္ဗာန်ကိုမူ၊ အရိယသစ္စာတို့ကို မဂ်၏မြင်ခြင်းဖြင့် မြင်သောကြောင့်သာလျှင် မျက်မှောက်ပြုခြင်းသည်အပြီးသို့ ရောက်

လေ၏။ အသင်တခါတ်နိဗ္ဗာန်ကို ဤနိဗ္ဗာနသစ္စာ့ကိ
ရိယာပါဌ်ဖြင့်အလိုမရှိအင်။ ။
နိဗ္ဗာနသစ္စိုကိရိယမင်္ဂလာသံပေါက်။
(၁) အရဟာတ္တဲ့ဖိုလ်နိဗ္ဗာန်။ကျေန်မျက်မှောက်မှာ။
(၂) နိဗ္ဗာန်မျက်မှောက်။အခရုံရောက်။မပေါက်မင်္ဂလာ။
(၃) ဝိသယာတိက္ကမ။ထွက်မြောက်က။ဝါနုမရှိပါ၊
(အ) အရဟတ္တဖိုလ်ကိုမျက်မှောက်ပြုရခြင်းဟုဆိုပါသည်၊
မင်္ဂလာချုပ်။

(၁) မြိုးမြိတ္တာကျင့်ရခြင်းဟူသောတပေါမင်္ဂလာတပါး။
(၂) မေထုန်အကျင့်မှ ကြဉ်ရှောင်ခြင်းဟူသော ဗြဟ္မစရိယ
မင်္ဂလာတပါး၊
(၃) သစ္စာ-၄-ပါးတရားတို့ကို မဂ်ဉာဏ်ဖြင့် မြင်ခြင်းဟုဆို
အပ်သောအရိယသစ္စာနဒဿနမင်္ဂလာတပါး။
(၄) အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်းဟု ဆိုအပ်သော
နိဗ္ဗာနသစ္စိုကိရိယမင်္ဂလာတပါး။
ထို့ကြောင့်၊

ဝေဲဏမိဿကဂါထာယ တပေါ၊ဗြဟ္မစရိယံ-အရိယသစ္စာနဒဿ
နံ-နိဗ္ဗာနသစ္စိုကိရိယာတိစတ္တာရိမင်္ဂလာနိဝုတ္တာနိ။ ။ဟူသော
သုတ္တနိပါတ်အဋ္ဌကထာကိုရှု။
ဤ-၄-ပါးမှ အလွန်မင်္ဂလာတရားတော်ကို မိန့်တော်မူပြန်လို
သောမြတ်စွာဘုရားသခင်သည်။

ဖုဋ္ဌဿလောကဓမ္မေဟိ၊
စိတ္တံယဿနကမ္ပတိ။
အသောကံဝိရဇံခေမံ၊
ဧတံမင်္ဂလမုတ္တမံ။ ။

ဟူသော ပဉ္စမဝတ္တဂါထာဒေသနာပါဠိတော်ကို မိန့်မှာတော်
မူပြန်သတည်း။ ။

ပါဠိတော်အနက်။

ဘာဒေဝပုတ္တ၊ အချင်းနတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရား ၈-ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ။ မတုန်မလှုပ်၊ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရာဂမြူကိုဟူသောမြူလည်းမရှိ။ ခေမံ၊ ဘေးလည်းမရှိ၊ အတ္ထိ၊ ရှိ၏။ ဧတံ ဤ-၄-ပါးသော တရားသည်လျှင်၊ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော။ ။

ပုစ္ဆာဝိသဇ္ဇနာခဏ်း။

အမေး။ ။လောကဓံတရားနှင့်တွေ့သောအခါ။ အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည်အဘယ်သို့ မတုန်လှုပ်သည်ကိုသိလိုပါသည်၊ ။

အဖြေ။ ။လာဘ-အလာဘ-ယသ-အယသ-နိန္ဒာ-ပသံသာ-သုခ-ဒုက္ခ-ဟူသော လောကဓံတရား၈ပါးတို့နှင့်တွေ့ကြုံသောအခါ အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည်တုန်လှုပ်ခြင်းမရှိ၊ အဘယ်ကဲ့သို့ နည်းဟူမူ။ ထုခဲ့နက်ကျောက်အတိပြီးသော တောင်သည် လေတည်းဟူသောအနန္တရာယ်ကြောင့် တစုံတရာတုန်လှုပ်ခြင်းမရှိသကဲ့သို့ထို့ အတူအရိယာသူတော်ကောင်းတို့သည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းစသော လောကဓံ တရားတို့ကြောင့်မတုန်မလှုပ်သည်ကိုဆိုပါသည်။

နကမ္ပတိမင်္ဂလာသံပေါက်။

(၁) လောကဓံ၈ရှစ်၊ တွေ့ကြုံလစ်၊ မနစ်ရဟန္တာ။

(၂) တုန်လှုပ်မရှိ၊ မြဲခိုင်ဘိ၊ မှတ်သိမင်္ဂလာ။

(၃) လူနတ်ဗြဟ္မာ၊ သတ္တဝါ၊ လိုက်ပါမြဲမကွာ။

(က) လောကဓံ၈ရှစ်ပါး တရားများနှင့် တွေ့ကြုံသောအခါ။ ရဟန္တာအရှင်မြတ်တို့၏ စိတ်သည်။ တုန်လှုပ်ခြင်း မရှိသည်ကိုဆိုပါသည်၊ ။

အမေး။ ။ရဟန္တာအရှင်မြတ်တို့၏ စိတ်သည် အဘယ်ကဲ့သို့ စိုးရိမ်ခြင်းမရှိဆိုသည်ကိုသိလိုပါသည်။ ။

အဖြေ။ ။နတ္ထိသောကောဝေးသည်သာတိအသောကံ။ ။ဟုဝိဂြိုဟ်လာရကား။ ရဟန္တာအရှင်မြတ်တို့၏စိတ်သည်၊ အရဟတ္တမဂ်ဉာဏ်၌ သမုစ္ဆေဒပဟာန်ဖြင့် ကိလေသာတရားတို့ကို ပယ်လှန်ချိုးဖျက်ပြီးဖြစ်သောကြောင့်၊ စင်စစ်မှချစိုးရိမ်ခြင်းမရှိဟုဆိုလိုပါသည်။

အသောကမင်္ဂလာသံပေါက်။

(၁) စိုးရိမ်ကြောင့်ကြ၊ မရှိစွ။မြတ်လှရဟန္တာ။
(၂) ဗျာသနကြောင့်ကွင်း။လွတ်ကင်းရှင်း။မြတ်ခြင်းမင်္ဂလာ။
(၃) ကိလေသာဝက်။သုံးထောင်ဝက်။ချိုးဖျက်ပြီးရှိသာ။
(၄) ရဟန္တာပုဂ္ဂိုလ်တို့အားကိလေသာမည်းဟူသော မြူမရှိခြင်းကြောင့်စိတ်တော်၌စိုးရိမ်ကြောင့်ကြမရှိသည်ကိုဆိုပါသည်။

အမေး။ ။ရဟန္တာအရှင်မြတ်တို့၏စိတ်သည် ရမ္မက်ဟူသော မြူမရှိဟူသည်အဘယ်သို့မှတ်ရပါမည်နည်း။ ။

အဖြေ။ ။ရာဂဒေါသမောဟရဇာနံဝိဂတတ္တာဝိရဇံ၊ ဟူသော အဋ္ဌကထာစကားနှင့်အညီရဟန္တာပုဂ္ဂိုလ်တို့၏စိတ်၌ရမ္မက်တဏှာ။ ကိလေသာတို့သည် ကင်းကွာလေကုန်ပြီဖြစ်ရကား။ ပဋိသန္ဓိဒါအဘိညာဉ်သမာပတ်တို့ကိုဆပ်ဆင်ပ်မှချ။ ရသည့်၏အဖြစ်ကြောင့် ဝိရဇ-မြူမရှိဟူ၍မှတ်ယူရပါသည်။ ။

ဝိရဇမင်္ဂလာသံပေါက်။

(၁) ကိလေသာမြူ။မရှိဟူ။ပြမ်းသူရဟန္တာ။
(၂) ကိလေညစ်ကြေး။ကင်းလွတ်ဝေး။ မှတ်ရေးမင်္ဂလာ။
(၃) ကိလေသာကား။အင်ဆယ်ပါး။ ဆိုးဝါးမြူပမာ။
(၄) ရဟန္တာပုဂ္ဂိုလ်တို့အား။ ကိလေသာမြူမရှိခြင်းကိုဆိုပါသည်။ ။

အမေး။ ။ဘေးမရှိဟူသည်အဘယ်သို့မှတ်ရပါမည်နည်း။ ။

အဖြေ။ ။စတူဟိယောဂေဟိခေမတ္တာခေမံ၊ ခေမန္တိအဘယံ၊ အဘယံနိရုပဒ္ဒဝံ၊ ။ဟူသောသုတ္တနိပါတ်အဋ္ဌကထာ လာရကား။ငါးပါးသောကာမဂုဏ်၌ ဖြစ်သောကာမ ယောဂ-ရူပဘဝ-အရူပဘဝတို့၌ တပ်သော ဘဝ ယောဂ-ဈာန်၌တပ်သော ဘဝဒိဋ္ဌိနှင့်တကွဖြစ်သော ရာဂဟုဆိုအပ်သောဘဝယောဂ။ ၆၂-ပါးသောဒိဋ္ဌိ ဟုဆိုအပ်သော ဒိဋ္ဌိယောဂ။ သစ္စာ ၄-ပါးတရားတို့ ကိုမသိခြင်းဟူသောအဝိဇ္ဇာယောဂ။ ဤယောဂ ၄-ပါးတည်းဟူသော ဘေးဘယတို့သည်မြူမျှမရှိမစွန်း ငြသည်ကိုဘေးမရှိဆိုသည်ဟုမှတ်ရမည်။

ခေမံမင်္ဂလာသံပေါက်။

(၁) ယောဂလေးပါး၊ ဘေးရှောင်ရှား။မှတ်သားရဟန္တာ၊
(၂) အစွင်းအပ။နှစ်ဌာန။ဘေးမှလွတ်သည်သာ။
(၃) များကိမ်မှောင်သုခ၊မင်္ဂလ။ဟောပြကျမ်းအလာ။
(ဃ) ရဟန္တာ ပုဂ္ဂိုလ်တို့အား။ ရမ္မက်တဏှာ ကိလေသာ တည်းဟူသော ဘေးတစုံတရာမရှိခြင်းကိုဆိုပါသည်။

မင်္ဂလာချုပ်။

(၁) မတုန်မလှုပ်သောနကမ္ပိတမင်္ဂလာတပါး၊
(၂) ဖုံးရိပ်ကြောင့်ကြခြင်းမရှိသော အသောကမင်္ဂလာတပါး၊
(၃) ရာဂ-ဒေါသ-မောဟ—ဟူသော်မြူမရှိသော ဝိရဇမင်္ဂလာ တပါး။
(၄) ၄—ပါးသောယောဂမရှိသောခေမမင်္ဂလာတပါး၊

ထို့ကြောင့်။

ဖုဋ္ဌဿိသာ ဂါထာယလောက ဓမ္မေဟိ အကမ္ပိတစိတ္တံ၊ အသောကစိတ္တံ။ဝိရဇစိတ္တံ။ခေမစိတ္တန္တိ စတ္တာရိမင်္ဂလာနိဝုတ္တာနိ။ ။ ဟူသောသုတ္တနိပါတ်အဋ္ဌကထာကိုရှု။

ဤသုံးဆဲ့ရှစ်ဖြာမင်္ဂလာတို့ကို ဟောတော်မူပြီး၍၊ယခုအခါ၊ထို

သုံးဆဲ့ရှစ်ဖြာမင်္ဂလာတို့ကို ချီးမွမ်းတော်မူလို ပြန့်လိုသောမြတ်စွာ ဘုရားသည်။ ။

ဧတာဒိသာနိကတွာန၊
သဗ္ဗတ္ထမပရာဇိတာ။ ။
သဗ္ဗတ္ထသောတ္ထိံ ဂစ္ဆန္တိ
တေသံမင်္ဂလမုတ္တမံ။ ။

ဟူသော ဂါထာဒေသနာပါဠိတော်ကို မိန့်တော်မူ ပြန်သတည်း။ ပါဠိတော်အနက်။

ဘောဒေဝပုတ္တ၊ အိုနတ်သား၊ ဧတာဒိသာနိ၊ ဤသို့သဘောရှိကုန်သော။အဋ္ဌတိံသမင်္ဂလာနိ၊သုံးဆဲ့ရှစ်ပါးသော မင်္ဂလာတရားတို့ကို။ ကတွာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ အပရာဇိတာ၊ရန်သူတို့သည်။ မအောင်နိုင်ကုန်သည် ဖြစ်၍။သဗ္ဗတ္ထ၊အလုံးစုံသောအရပ်တို့၌။သောတ္ထိံ၊ချမ်းသာခြင်းသို့ ဂစ္ဆန္တိ၊ရောက်ကုန်၏။ ယံ၊အကြင် ၃၈ပါးသော မင်္ဂလာတရား တော်ကို။မယာ၊ငါဘုရားသည်။ ဝုတ္တံ၊ ဟောပြအပ်ပြီ။ တံ၊ ထိုမင်္ဂလာတရားတော်သည်။တေသံ၊ထိုနတ်လူတို့၏၊ အတ္တာယာ၊အကျိုး ငှာ။ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊မင်္ဂလာမည်၏ဟူ၍။ ဘွံ၊ သင်နတ် သားသည်။ ဂဏှာဟိ၊မှတ်လေလော။ ။

ပုဒ်တိုင်းပုဒ်တိုင်း၌သိရှိရန်။

အညတရာတိ နာမဂေါတ္တာ အပါကဋော၊ ဟုဘွင့်သောဋီကာ ကိုထောက်သဖြင့်အမျိုးအမည်မထင်ရှားသောဟုဆိုပေ၏။

အညတရာဒေဝတာ တိသဉ္ဇော ဒေဝရဇာဟု ဒသ နိပါတ် ဇာတ်အဋ္ဌကထာ၌လာသဖြင့် မထင်ရှားသော နတ်ဟူသည် သိကြားနတ်ကိုဆိုပေ၏။

တွံ၊သင်နတ်သားသည်။ဝါ-သိကြားမင်းသည်။တွံ၊ ဟူသရွေ့ ဤသို့ချည်းအနက်ပေးလေ။

ထိုမင်္ဂလသုတ်ဒေသနာတော်ကိုဟောတော်မူသည်၏ အဆုံး ၌၊ကုဋေသသိန်းကုန်သောနတ်တို့သည်၊ အရဟတ္တဖိုလ်သို့ရောက်

ကြကုန်၏၊ အောက်မှိုလ် ၃ ပါးသို့ရောက်ကုန်သော နတ်တို့သည် ကားရေတွက်ခြင်းကိုလွန်ကုန်၏။

ထို့ကြောင့် သုတ္တနိပါတ်အဋ္ဌကထာ၌၊ ။

ဝေဠု-ပနာဘဂဝတာ နိဋ္ဌာပိတာယဒေသနာ ယ ပရိယော သာနေ ကောဋိသတသဟဿံ ဒေဝတာအရဟတ္တံ ပါပုဏိံသုးသောတာ ပတ္တိ-သကဒါဂါမိ-အနာဂါမိ ဖလဋ္ဌာနံ ဂဏနာ အသင်္ချေယျာ အ ဟောသိ။ ။ဟူ၍လာသည်ကိုထောက်၍သိအပ်၏။

ထိုခပ်သိမ်းကုန်သော နတ်တို့သည်လည်း။ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍။ ထိုအရပ်၌ပင် ကွယ်လေကုန်၏။ ။ယနေ့ထက် တိုင်၍မင်္ဂလာဒေသနာတော်ကို။ ကျမ်းဂန်တတ် ကျမ်းဂန်ကျော် ဆရာတော်အဆက်ဆက်တို့ဆောင်ရွက်သော်ဖြင့်။လူပုဂ္ဂိုလ်ကျော် အဆက်ဆက်တို့လည်းဆောင်ရွက်လျက်ရှိကြောင်း၊ အလွန်ထင် ရှားလှပေ၏။

၁။ သုံးဆယ်နှင့်ရှစ်ပြည့်ဝုံလစ်၊ စိစစ်ရေသောင်ရာ။

၂။ လူနတ်တို့အား။မြတ်တရား။ဟောကြားမင်္ဂလာ။

၃။ မင်္ဂလာတရား။ပြည့်ပုံငြား။များပြားကျိုးဖလာ။

၄။ ကြက်သရေမျိုး။ နေ့တိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ။

၅။ လိုရှိသမျှ။တောင့်တဘ။မချရမည်သာ။

၆။ ကျောင်းသား ကျောင်းသူ။ ပြည့်ပုံပြီး။ တတ်သီး လွန် လိမ်မာ။

၇။ မင်္ဂလာတန်ခိုး။နေ့တိုင်းတိုး။အကျိုးရှိမည်မှာ။

အဋ္ဌတိံသ၊မင်္ဂလ၊ဉ်မှန်ိဋ္ဌိတာ။

သာသနာသက္ကရာဇ်-၂၄၆၇ ခုနှစ်။ ဂေါဇာသက္ကရာဇ် ၁၂၈၅ ခု၊တပေါင်းလပြည့်ကျော် (၁၃) ရက်နေ့နံနက် (၁၁) နာရီ အချိန် တွင်။မင်္ဂလသုတ်ပါဠိတော်ပါဌ်နိဿယနှင့် အမေးအဖြေ။ မင်္ဂလာ သံပေါက်။ အမိပွါယ်ချုပ် ငါးမျိုး စုံကို ဂန္ထဝါစက ဦးအဂ္ဂဝံသ အရှင်ဇဝါမြောက်အကြိုတွင်၊ အာဂုန်ယုတ္တိအမိအရ တော်ပြရေး သားအပ်သော (မင်္ဂလတ္ထ ပုဏ္ဏောဝိသဇ္ဇနာကျမ်း) ၌တွင်ပြီး၏။